မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ




**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်မှတာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စေတနာပန်းတို့လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

**ယနေ့ဖတ်စရာ**

**စာဖတ်ခြင်းမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့**

ဆောင်းပါး စာ - ၁၃ သို့

**ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၁၁၁၆ ဧက စိုက်ပျိုးပြီးစီး**

စာ - ၅ သို့

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၆၆၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာ - ၁၇ သို့


ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၂၃ ရက်သာ လိုတော့သည်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်)

# သဘာဝဝန်းကျင်အလေးထား သစ်ပင်စိုက်ကြစို့လား

သစ်တောများတည်ရှိရှင်သန်နေခြင်းသည် ''အတိတ်ကာလ၏အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွား နှင့်အနာဂတ်၏ဖွံ့ဖြိုးမှု''ဟုဆိုပါသည်။ ထိုသို့ဆိုထားသည့်အတိုင်း သစ်တောများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့်အခန်း ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်တောများထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျစီမံအုပ်ချုပ် ခြင်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့်အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ လူများ၏အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးကို သစ်ပင်သစ်တောများက ဖြည့်ဆည်းပေးလျက်ရှိသည်။ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းကာကွယ်ခြင်းဖြင့် လေကောင်း လေသန့်များရရှိစေခြင်း၊ ရာသီဥတုသမမျှတစေခြင်း၊ ရေကောင်းရေသန့်များရရှိစေခြင်း၊ ရေလှည့် ပတ်မှုစနစ် မှန်ကန်စေရန်ထိန်းသိမ်းပေးခြင်း၊ သဘာဝစမ်းရေထွက်များဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုး ကွဲများကြွယ်ဝစေခြင်း၊ မြေဆီလွှာထိန်းသိမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိသည်။ သစ်ပင် စိုက်ပျိုးရာတွင် **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူ အားလုံး ပူးပေါင်းဆောင်ရွက်မှုမဖြစ်မနေလိုအပ်ပေသည်။ ပျိုးပင်အဖြစ် နှစ်နှစ်တာရှင်သန်ဖြစ်ထွန်းလာ သည့်အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါက မဖြစ်နိုင်စရာမရှိ ပေ။ စိုက်ပျိုးပင်များရှင်သန်အောင်မြင်စေရန်မှာ နေရာဒေသနှင့်ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာ ရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ အကွာအဝေးနှင့်စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးသူတိုင်းတွင် စေတနာသဒ္ဓါထက်သန်စွာ စိုက်ပျိုးမည်ဆိုပါက ကုသိုလ်တိုးပွားအကျိုး ကြီးမားသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်သည်။ ထိုသစ်ပင်ရှင်သန်ကြီးထွား၍အရိပ်ရသော အခါ လူပေါင်းများစွာနားခိုနိုင်သကဲ့သို့ ငှက်ပေါင်းများစွာလည်းနေထိုင်နိုင်ကြသည်။ သစ်ပင်ကြီးကြီး မားမားရှိနေသည့်အခါ သဘာဝမိုးဒဏ်၊ လေဒဏ်ကိုကာကွယ်ပေးနိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည်အရေးကြီးသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် မုန်တိုင်းတိုက်ခတ်မှုကြောင့်ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်သစ်တောများနေရာတွင် အစားထိုးစိုက်ပျိုးပြုစုထိန်းသိမ်းနိုင်စေရန်၊ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရန်၊ သစ်တောသယံဇာတများရေရှည်တည်တံ့စေရန်နှင့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် စက်တင်ဘာလ ၇ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ် **''နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပ ဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်တိုက်ရိုက် အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း''** ထည့်သွင်းပြောကြားခဲ့သည်။

လူ့လောကလူ့ပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်ကောင်းကျိုးစီးပွားဖြစ်ထွန်းစေလိုလျှင်''သစ်ပင် ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး''ဆောင်ပုဒ်အတိုင်း လူတိုင်းနှစ်စဉ်သစ်ပင်စိုက်ကြရပေမည်။ ယနေ့ကမ္ဘာ အရပ်ရပ်တွင် သစ်ပင်သစ်တောများဖြစ်ထွန်းအောင် စိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု သုံးစွဲမှုအတိုင်းအတာ ပမာဏတို့ကို အချိုးကျတွက်ကြည့်ပါက ထုတ်ယူသုံးစွဲမှုကများ၍ သစ်တောပြုန်းတီးမှုများဖြစ် ပေါ်လျက်ရှိကြောင်း ပညာရှင်များကထောက်ပြပြောဆိုလျက်ရှိသည်။ သစ်ပင်များကို လိုသည်ထက် ပိုမိုခုတ်ယူပါက တောပြုန်းကာ တောင်ကတုံးဖြစ်နေပေလိမ့်မည်။ တောင်ကတုံးဖြစ်၍တောပြောင်လျှင် မိုးခေါင်ပေလိမ့်မည်။ မိုးခေါင်နေလျှင် လယ်ယာသီးနှံများစိုက်ပျိုးရေးတွင် အခက်အခဲရှိနေမည်ဖြစ်သလို လူသားတို့၏ စားဝတ်နေရေးများတွင်လည်းထိခိုက်လာမည်ဖြစ်သည်။ သစ်ပင်များ၏အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားရှိပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင်ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကိုထိန်းချုပ်ပေးနိုင်သည်။ "မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကိုငွေလိုစု၊ ရွှေဥတဲ့တော" ဆိုသည့်အတိုင်း ရေအရင်းအမြစ်များ၊ ရေသယံဇာတများကိုထိန်းသိမ်းပေးသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ တစ်ဝန်းတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သစ်ပင်များစိုက်ပျိုးနေကြမည်ဆိုပါက သဘာဝ ပတ်ဝန်းကျင်သာယာလှပနေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ''သဘာဝဝန်းကျင်အလေး ထားသစ်ပင်စိုက်ကြစို့လား'' ဟုတိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ် ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ် ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိ သော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ် သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်(အကြို) မြို့နယ်အဆင့် စာစီစာကုံး ကဗျာပြိုင်ပွဲများကျင်းပ

ကြံခင်း စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် (အကြို) မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ခန်းမ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်အခြေခံပညာအထက်တန်း အဆင့်နှင့်အလယ်တန်းအဆင့်စာစီစာကုံး၊ ကဗျာပြိုင်ပွဲ များတွင်မြို့နယ်အတွင်းရှိကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ပညာ ဥယျာဉ်မှူး" နှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် "ဆရာမပြ နည်းမကျ" ခေါင်းစဉ်များဖြင့် လည်းကောင်း၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် "ကြယ်ရှုဝံပမာ မြတ်ဆရာ" နှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ဆရာသခင် ကျေးဇူးရှင်"ခေါင်းစဉ် များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား၌ ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅°c / | ၃၂.၄°c |
| ရန်ကုန် | ၂၄°c / | ၃၀.၀°c |
| မန္တလေး | ၂၆°c / | ၃၃.၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စက်တင်ဘာလပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်စတော့အိတ်ချိန်း၌ စက်တင်ဘာလပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း၂၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်နေပြီး စက်တင်ဘာလ ၂ ရက်မှ ၆ ရက်အတွင်း စုစုပေါင်း ငွေကျပ် ၂၄၂၃၆၁၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၀၆၀၁၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၉၁၄၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၂၇၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၃၀၅၁၁၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၈၈၁၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၀၇၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၃၈၇၀၁၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၇၄၄၀ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၅၈၆၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၆၃၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၁၁၆၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၆၅၅၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၃၂၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၆၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ်၂၆၃၁၅၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၉၅၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# စေတုတ္တရာမြို့နယ်၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

စေတုတ္တရာ စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (ဖအိုင်း)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ လူအများရှေ့တွင် စကားပြောစွမ်းရည်ထက်မြက်စေရန်နှင့် ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ရရှိကာ အနာဂတ် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အခြေခံပညာအထက်တန်းကျောင်း(ဖအိုင်း)မှ Grade-9၊ Grade-10၊ Grade-11 ကျောင်းသူလေးဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အနာဂတ် ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်စိုးလင်းက အားကစားပစ္စည်းများပံ့ပိုးပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်း (ဖအိုင်း) ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ၊ အခြေခံပညာအထက်တန်းကျောင်း (ဖအိုင်း)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ/ရသ စာအုပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၂၀၁၆ ကေ စိုက်ပျိုးပြီးစီး

ရေကြည် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၂၀၁၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရေကြည်မြို့နယ်၌ ပီလောပီနံ ၂၀၂၈ ကေကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ပီလောပီနံ ၂၀၁၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံ ၂၀၂၈ ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ သီးနှံအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့နဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါမကျရောက်စေဖို့ စိုက်ပျိုးရေးဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလည်း ပီလောပီနံကို စိုက်ဖူးတဲ့အတွေ့အကြုံရှိပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ပီလောပီနံ ၂၀၂၈ ကေအထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ ပီလောပီနံ ၂၀၁၆ ကေအထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခုတိုးလာစေဖို့ ပီလောပီနံတွေကို စိုက်ပျိုးခြင်းဖြစ်ပါတယ်" ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းကပြောသည်။

ရေကြည်မြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**သုတကျော်**

**"တောင်သူတွေကလည်း ပီလောပီနံကို စိုက်ဖူးတဲ့အတွေ့အကြုံရှိပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ပီလောပီနံ ၂၀၂၈ ကေအထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ ပီလောပီနံ ၂၀၁၆ ကေအထိ စိုက်ပျိုးပြီးဖြစ်ပါတယ်"**

## မြဝတီ ကာတွန်း



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"အမေ့မှာ ခေါင်းကနာကျင်နေသည်ကိုပင် သတိမရနိုင်ဘဲ ကွင်းပြင်ထဲသို့ ပြေးထွက်လိုက်သည်။ အမေ ကွင်းပြင်ကနေ ကမ်းခြေဘက်သို့ လှမ်းကြည့်လိုက်၏။ သစ်ပင်၊ ချုံနွယ်၊ တောတန်း အကာအကွယ်များ ကင်းမဲ့နေပြီဖြစ်၍ ပင်လယ်ပြင်ကြီးကို အထင်းသားမြင်နေရသည်။ ပင်လယ်ပြင်ထဲတွင်ကား ဖြာထွက်နေသော လှိုင်းလုံးကြီးများမှာ လှိုင်းကမ္ဘာကြီးဖြစ်နေပေတော့သည်. . ."**

**ယမန်နေ့မှအဆက်**

အမေ့မှာ ခေါင်းကနာကျင်နေသည်ကိုပင် သတိမရနိုင်ဘဲ ကွင်းပြင်ထဲသို့ ပြေးထွက်လိုက်သည်။ အမေ ကွင်းပြင်ကနေ ကမ်းခြေဘက်သို့ လှမ်းကြည့်လိုက်၏။ သစ်ပင်၊ ချုံနွယ်၊ တောတန်းအကာအကွယ်များ ကင်းမဲ့နေပြီဖြစ်၍ ပင်လယ်ပြင်ကြီးကို အထင်းသားမြင်နေရသည်။ ပင်လယ်ပြင်ထဲတွင်ကား ဖြာထွက်နေသော လှိုင်းလုံးကြီးများမှာ လှိုင်းကမ္ဘာကြီးဖြစ်နေပေတော့သည်။

ရောက်ခါနီးမှ အမေ့မှာ ပို၍ရောက်ချင်နေမိသည်။ ရှေ့က ကာဆီးနေသော တောတန်းလေးကို ဖြတ်ကျော်လိုက်သည်။

"ဟင် ... တို့တဲကလေး မရှိတော့ပါလား၊ ငါ့သား၊ ငါ့သမီးတွေတော့ ကိုယ်ကျိုးနည်းကြပြီထင်ပါရဲ့၊ ဟီး ဟီး ဟီး ဟီး ဟီး"

မုန်တိုင်းနှင့်အပြိုင် အမေမျက်ရည်ဖြိုင်ခဲ့ရလေပြီ။ တဲကလေးနေရာသို့ ချဉ်းကပ်လိုက်သည်။ တဲကလေးမှာ လဲကျနေသော တောသရက်ပင်ကြီး မြစ်ဆုံနားတွင် ဖရိုဖရဲ ပြိုလဲပျက်စီးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့လိုက်ရသည်။

"သားတို့၊ သမီးတို့ရေ ..."

အမေသည် ဟိုဟိုသည်သည်လှည့်ပတ်ကြည့်ရင်း အသံကုန်ဟစ်ပြီး ခေါ်လိုက်၏။ အမေ၏အသံမှာ မုန်တိုင်းထဲတွင် နစ်ဝင်သွားသည်။ သားသမီးတို့၏ အသံဗလံကိုကား တစိုးတစိမျှပင် မကြားရ။

"သမီးရေ၊ သားတို့ရေ ..."

"သမီးရေ၊ သားတို့ရေ ..."

"သားတို့ရေ၊ သမီးတို့ရေ"

အမေ့မှာ အော်ခေါ်မြဲခေါ်နေသည်။

"ဘယ်လိုလုပ်ကြမလဲရှင်၊ ကလေးတွေ မရှိကြတော့ဘူး၊ ဟီး ဟီး ဟီး ဟီး"

"ဝိုး ဝိုး ဝိုး ဝိုး"

မုန်တိုင်းကလည်း တိုက်မြဲတိုက်နေသည်။ အမေ၏ခန္ဓာကိုယ်လေးမှာ ချမ်းလွန်းသဖြင့် နတ်ဝင်သည်မလို ဖြစ်နေ၏။ သံယောဇဉ်တရား၏ တွန်းအားကြောင့် သောကမီးသည် အမေ၏ရင်ဘတ်ထဲတွင် ပြင်းစွာလောင်ကျွမ်းနေလေပြီ။

"သားတို့ရေ၊ သမီး • • • ရေ"

"သမီးရေ မလှသိန်း၊ အမေလာပြီလေ သားတို့၊ သမီးတို့ ဘယ်မှာလဲဟင်"

ပတ်ဝန်းကျင်အနှံ့ တောင်ကူးမြောက်ပြန် အမေရှာ၏။ သားပျောက်ကို ရှာနေသော မိခင်၏သောကမှာ ဘယ်အရာနှင့်မျှ နှိုင်းမရအောင် ကြီးမားလွန်းလှသည်။

"ငါ့သား၊ ငါ့သမီးတွေ ဘေးကင်းကြပါစေ၊ အန္တရာယ်ကင်းကြပါစေ"

အရပ်လေးမျက်နှာသို့ အမေ ရှိခိုးဆုတောင်းလိုက်ပြန်၏။

"ဂလွမ်း လွမ်း လွမ်း ဂျိမ်း"

ပြင်းစွာသော မိုးခြိမ်းသံကြီးအဆုံးတွင် မိုးကြိုးတစ်ချက်ပစ်လိုက်ရာ ကြောက်ကြောက်လန့်လန့် မြေပြင်ပေါ် အမေ ထိုင်ချလိုက်မိသည်။

"ဘုရား ဘုရား ဘုရား"

"ငါ့သားသမီးတွေ အသက်အန္တရာယ် ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ"

ထိုင်လျက်က လက်အုပ်ချီပြီး အမေ ဆုတောင်းလိုက်ပြန်သည်။

"ဂလွမ်း လွမ်း လွမ်း"

မိုးခြိမ်းသံကြီးက မြည်ဟည်းလာပြန်သည်။ မိုးခြိမ်း၊ မိုးကြိုးပစ်လျှင် လေကြောပြတ်သည်ဟု အမေ ကြားဖူးသည်။

"မိုးခြိမ်းသံကြီး ဖြစ်လိုက်စမ်းပါ။ မိုးကြိုးကြီး ဆက်တိုက်ပစ်လိုက်စမ်းပါ"

စိတ်ထဲက ကျိတ်ပြီး အမေ ဆုတောင်းနေမိပြန်သည်။ အမေဆုတောင်းပြည့်သွားသည်ဟုပဲ ဆိုရလေမလားမသိ။ သိပ်မကြာ၊ ဟော လေရောမိုးရော အားလျော့သွားသလို ဖြစ်လာသည်။

"သမီး မလှသိန်းရေ . . . အမေ ရောက်နေပြီလေ၊ သားတို့၊ သမီးတို့ ဘယ်မှာလဲဟင်"

"သားတို့ရေ၊ သမီးရေ ... "

ကိုယ်၏နွမ်းနယ်မှု၊ သောက၏ရိုက်ခတ်မှုတို့ကြောင့် အမေ့အသံများပင် ပြာဝေနေပြီ။ ပီပီသသမထွက်နိုင်တော့။ ရင်ထဲတွင်တင်းကျပ်ပြီး လည်ချောင်းတွင် တစ်ဆို့နေသည်။ ကလေးတွေ ဒီနား တစ်ဝိုက် မရှိကြသည်မှာ သေချာသည်။ မဆိုစကောင်း တစ်ခုခုဆိုလျှင်လည်း တွေ့နိုင်မြင်နိုင်သည်။ အမေ ဆောက်တည်ရာမရတော့။ တောင်ခြေဘက်သို့ ပြေးသွားလိုက်ပြန်သည်။ လေတိုးအားကြောင့် တောင်ခြေသို့ ချက်ချင်းရောက်သွားသည်။ အိမ်ကလေးသာသာခန့် ကျောက်တုံးကြီးတစ်တုံးက ရှေ့ကကာဆီးနေသည်။ ကျောက်တုံးကြီးအား မုန်တိုင်းက တုန်လှုပ်ခြင်းငှာ မည်သို့မျှမစွမ်းဆောင်နိုင်။ ကျောက်တုံးကြီးမှာ လေမုန်တိုင်းကို ဂရုပြုပုံလည်းမရ။ ကြက်မကြီးတောင်ပံချပြီး သားသမီးများကိုအုပ်မိုးကာ ဘေးအန္တရာယ်များမှ ကာကွယ်ပေးနေသလိုမျိုး ရှိချေ၏။ သဘာဝရုပ်သွင်မှာ အံ့ဩစရာပင်ဖြစ်နေချေပေသည်တကား။

လေကွယ်ရာဘက်တွင် ကျောက်တုံးကြီးကိုမှီပြီး အမေရပ်လိုက်သည်။

"ဒါ ကိုမောင်အေးစိန် တစ်ခါပြောဖူးတဲ့ မိုးခိုကျောက်ဆိုတာပဲ"

တဒင်္ဂအသိသည် ရင်ထဲလင်းလက်သလို ဖြစ်သွားသည်။

"သွားရင်းလာရင်း မိုးမိရင် မိုးခိုလို့ရတယ်လေ"

အဖေ တစ်ခါပြောပြခဲ့ဖူးသော စကားများက အမေ့နားထဲသို့ အစီအရီ ဝင်လာသည်။ ခေါင်းကနာလွန်းသဖြင့် လက်ကလေးဖြင့် စမ်းကြည့်လိုက်ရာ သွေးကစီးကျလာပြန်သည်။

"ဒုက္ခပဲ ငါ့အဖြစ်က ဆိုးလှချည်လား"

အမေ့မှာ ရှေ့ကြည့်လည်း တောနှင့်ခေါင်ခေါင်၊ နောက်ကြည့်လည်း တောင်နှင့်စင်းစင်း၊ ကြည့်လေရာမြင်လေရာ ဝမ်းနည်းစရာတွေချည်း ဖြစ်နေပေတော့သည်။ မုန်တိုင်းထဲက သားပျောက်မိခင်၏အဖြစ်မှာ အရာရာသည် မှောင်မည်းဝေဝါးနေချေပြီ။

"ငါ ဒီမိုးခိုကျောက်နားဝင်ပြီး မိုးခိုလိုက်ရင် သက်သာရာရမှာပဲ"

"မဖြစ်ဘူး မဖြစ်ဘူး၊ ကလေးတွေမရှိတဲ့ဘဝမှာ ငါအသက်ရှင်နေလို့ရော ဘာထူးဦးမှာလဲ"

"ကလေးတွေကို မတွေ့တွေ့အောင် ရှာမယ်"

မုန်တိုင်းက မစဲသေး။ ပင်လယ်လှိုင်းလုံးကြီးများကလည်း ရိုက်ခတ်မြဲ ရိုက်ခတ်နေသည်။ အမေသည် ကျောက်တုံးကြီး၏ အတွင်းဘက်သို့ ပတ်ကြည့်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဟိုပုံးမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း မွမ်းမံသင်တန်းဖွင့်လှစ်



ဟိုပုံး စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးရည်ရွယ်၍ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထူးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဆိုသည့် ဌာန၏မျှော်မှန်းချက်နှင့်အညီ အသက်မွေးဝမ်းကျောင်းနည်းပညာများ သင်ကြားပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျမှတ်ပုံတင်ပေးခြင်း၊ ရိုးရာရက်ကန်းနှင့် ယွန်းထည်လုပ်ငန်းအတတ်ပညာ ဒီပလိုမာအဆင့်သင်ကြားပေးခြင်း၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်း၊ အသေးစားစက်မှုထုတ်ကုန်များ အရည်အသွေးမှန်ကန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် လူသုံးကုန်ထုတ်လုပ်မှုနည်းသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း စသည့်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းကို အခြေခံသင်တန်းတစ်ကြိမ်၊ မွမ်းမံသင်တန်းတစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေခံသင်တန်းကို ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မွမ်းမံသင်တန်းကို စက်တင်ဘာလ ၇ ရက်မှ အောက်တိုဘာလ ၂၁ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကိုအမှီပြု၍ ဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် ဒေသခံတောင်သူများက ဝါစိုက်ခင်းများကို တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေဩဇာကျွေးခြင်း၊ မြေဆွပေါင်းနုတ်ခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရန် ကြိုတင်ကာကွယ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေဖို့ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါကို တစ်မြို့နယ်လုံးအနေနဲ့ ဧက ၅၈၀၀ လျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ချည်မျှင်ရှည်ဝါက ဈေးကွက်ရှိတာကြောင့် နှစ်စဉ်မိုးရာသီမှာ ဒေသခံတောင်သူတွေ စိုက်ပျိုးကြပါတယ်။ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ကန်ပြည့်ကျေးရွာ၊ ကျွဲတိကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျစ်ကိုင်းကျေးရွာ၊ ရေပုတ်ကြီးကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ မဲဇလီကျေးရွာ၊ ဇီးတောကျေးရွာ၊ ကျွဲတံခါးကျေးရွာ၊ ကုလားဟောင်းကျေးရွာ၊ မုန်းမြင့်ကျေးရွာနဲ့ ရေပုတ်လေးကျေးရွာတို့မှာ ဒေသခံတောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့်ဝါအမျိုးအစားများကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ အခြေခံကွန်ပျူတာသင်တန်းဆင်း

ထားဝယ် စက်တင်ဘာ ၈



တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီကကျင်းပသော အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်က ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်စုစုလှိုင်က အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်၊ ရေရှည်တည်မြဲစေမည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အန္တရာယ်ရှိသောအလုပ်အကိုင်များမှ ကလေးအလုပ်သမားများပပျောက်စေရန် စသည့်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ဦးစီးဌာနအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ဒုတိယငါးနှစ် (၂၀၂၄-၂၀၂၈) လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချခဲ့သည့် ဘာသာရပ်များ၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လတ်(ပြန်/ဆက်)

# မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအသိပညာပေးဟောပြော

မြောင်းမြ စက်တင်ဘာ ၈


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာလ ၇ ရက်က ပြင်ရွာကျေးရွာအုပ်စု၊ သပြေချောင်ကျေးရွာအုပ်စု၊ ကံကြီးကျေးရွာအုပ်စုနှင့်ဒရယ်ပေါက်ကျေးရွာအုပ်စုတို့၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျုံဝါးကျေးရွာအုပ်စုနှင့် ခနုံးချောင်းကျေးရွာအုပ်စုတို့၌လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးဦးထွန်းငြိမ်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်းကောက်ယူမည်ဖြစ်ကြောင်း၊ မေးခွန်းများကို မှန်ကန်စွာဖြေကြားပေးစေလိုကြောင်းစသည်ဖြင့် ဟောပြောခဲ့ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအခမ်းအနားကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးထွန်းငြိမ်းနှင့်မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြောင်းမြမြို့နယ်အတွင်းရှိ ဒေသခံများနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)

# မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မုဒုံ | (၃.၅၄)လက်မ |
| ကျိုက္ခမီ | (၃.၂၃) လက်မ |
| ဘီးလင်း | (၃.၁၈)လက်မ |
| ရေး | (၃.၁၅)လက်မ |
| ဘားအံ | (၂.၇၂) လက်မ |
| သထုံ | (၂.၇၂) လက်မ |
| ထားဝယ် | (၂.၄၀) လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | (၂.၂၅) လက်မ |
| ငပုတော | (၂.၂၅) လက်မ |
| ကျိုက်မရော | (၂.၂၅) လက်မ |
| မြစ်ကြီးနား | (၂.၁၆) လက်မ |
| ကော့ကရိတ် | (၂.၁၆) လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၅ |
| ရှမ်း(မြောက်) | ၁၉ | ၃၁ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၂၀ | ၃၀ |
| ချင်း | ၁၃ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၆ |
| နေပြည်တော် | ၂၅ | ၃၄ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၂ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၁ | ၃၀ |
| ကရင် | ၂၄ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၃ | ၂၉ |

# သာကေတမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၇ ရက်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲများကို ကျင်းပကြောင်း သိရသည်။

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပညာဥယျာဉ်မှူး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆရာမပြ နည်းမကျ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကြယ်စုဝံပမာမြတ်ဆရာ၊ အခြေခံပညာအလယ်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ဆရာသခင်ကျေးဇူးရှင် ခေါင်းစဉ်တို့ဖြင့်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပညာဥယျာဉ်မှူး ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆရာမပြ နည်းမကျ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၇၃ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကြယ်စုဝံပမာမြတ်ဆရာခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆရာသခင်ကျေးဇူးရှင်ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများလည်း အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြပြီး အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာများ အင်္ဂမအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဌာနဆိုင်ရာများ အင်္ဂမအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်တည်တံ့ကောင်းမွန်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည်ဖြစ်၍ သစ်ပင်များစိုက်ပျိုးခြင်းကို ပြည်သူများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်နှင့် သစ်ပင်၊ သစ်တောများသည် လူသားတို့အပါအဝင် သက်ရှိလောကအတွက်တည်မြဲနေရန် သစ်ပင်များကို အားလုံးဝိုင်းဝန်းပူးပေါင်း၍ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သစ်ပင်များစိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၀၊ ပျဉ်းကတိုးပင် ၄၀၀၀၊ ရေတမာပင် ၁၀၂၀၊ ဆီသပြေပင် ၁၀၀၀၊ ပိန္နဲ ၅၄၀ ပင်နှင့် သရက် ၅၄၀ ပင် စုစုပေါင်း အပင် ၈၁၀၀ ကို စိုက်ပျိုးပေးခဲ့ကြပြီး ယခုနှစ်အတွင်း စုစုပေါင်းအရိပ်ရပင်ပေါင်း ၁၀၃၆၉၈၁ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဝန်းရံခ

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ




ပဲခူး စက်တင်ဘာ ၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အားပေးခဲ့သည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်မြော်တွေးစဉ်ဆက်ပညာရေး"သီချင်းဖြင့်သီဆိုဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း KG+9 အဆင့်ပြီးမြောက်စေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာကျောင်းများတွင် ကျောင်းတက်ခွင့်မရသော ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများအား စာတတ်မြောက်စေရေး "ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း"များဖြင့် ပညာသင်ကြားပေးလျက်ရှိသလို လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်ကြပါစို့" ဟူသည့်အတိုင်း လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် UNESCO ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာအား ဖတ်ကြားခဲ့ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် Video Clip အား ပြသခဲ့ကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာမတတ်သူတို့ဝိုင်းကူ"သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းပြင်ပသင်ကြားရေးဆရာ၊ ဆရာမများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| မုဒုံ | ၃ | ဒသမ | ၅၄ | လက်မ |
| ကျိုက္ခမီ | ၃ | ဒသမ | ၂၃ | လက်မ |
| ဘီးလင်း | ၃ | ဒသမ | ၁၈ | လက်မ |
| ရေး | ၃ | ဒသမ | ၁၅ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၇၂ | လက်မ |
| သထုံ | ၂ | ဒသမ | ၇၂ | လက်မ |
| ထားဝယ် | ၂ | ဒသမ | ၄၀ | လက်မ |
| ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) | ၂ | ဒသမ | ၂၅ | လက်မ |
| ငပုတော | ၂ | ဒသမ | ၂၅ | လက်မ |
| ကျိုက်မရော | ၂ | ဒသမ | ၂၅ | လက်မ |
| မြစ်ကြီးနား | ၂ | ဒသမ | ၁၆ | လက်မ |
| ကော့ကရိတ် | ၂ | ဒသမ | ၁၆ | လက်မ |

# မန္တလေးမြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ၂၁ ရာစု ပညာခေတ်တွင် စာတတ်မြောက်ရေးသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် လူတိုင်း စာတတ်မြောက်ရေးသာမက ဗလငါးတန် ဖွံ့ဖြိုးသူများဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးကဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှု Video Clip ကိုပြသသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေး ဝထကလသ" သီချင်းဖြင့် တေးသရုပ်ဖော် ကပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် အခြေခံပညာ အလယ်တန်း၊ အထက်တန်းဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ပြခန်းအား ကြည့်ရှုကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**မက်မန်း စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိဦးထက်ပိုင်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပတ်သက်သည့် အကြောင်းအရာကို လည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးဇော်မင်းထိုက် (လက်ထောက်ညွှန်ကြားရေးမှူး)က မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က ရွေးကောက်ပွဲနှင့် ပထမအကြိမ်မဲပေးကြမည့်လူငယ်များ အခန်းကဏ္ဍအကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းဟောပြောသည်။

အခြေခံပညာအထက်တန်းအဆင့်ရှိ ကျောင်းသား၊ ကျောင်းသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာများအကြောင်းကိုသိရှိပြီး ဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **စောဥမ္မာ(ခရိုင်ပြန်/ဆက်)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၉-၉-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

**လေရှီး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိမြို့နယ်များ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မိုးစပါးဧက ၂၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၂၅၄၂၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်၌ ဧက ၃၃၃၀၊ ဆွမ္မရာမြို့၌ ၂၀၂၈ ဧက၊ လဟယ်မြို့နယ်၌ ၅၈၈၄ ဧက၊ ထန်ပါခွေမြို့၌ ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်၌ ၂၅၅၆ ဧက၊ ဒုံဟီးမြို့၌ ၄၉၃၇ ဧကနှင့်ပန်ဆောင်မြို့၌ ၅၁၈၂ ဧက စုစုပေါင်း ၂၅၄၂၈ ဧကတို့ ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေနက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# စိတ်ပင်ပန်းမှုပြေပျောက်စေမည့် နည်းလမ်းကောင်းများ

နိုင်ငံတကာစိတ်ရောဂါဆိုင်ရာ ကျန်းမာရေးသုတေသီများ၏ လေ့လာချက်များအရ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၃၅၀ ခန့်သည် စိတ်ဖိစီးမှုအမျိုးမျိုးကြောင့် စိတ်ရောဂါများဖြစ်ပွားလျက်ရှိကြောင်းနှင့် အောက်ဖော်ပြပါ အကြောင်းရင်းများက လူသားများအား စိတ်ဖိစီးမှုကို အများဆုံးဖြစ်ပေါ်စေတတ်ကြောင်း သိရသည်။

– ထင်ပေါ်ကျော်ကြား အောင်မြင်ချင်လွန်းသော စိတ်ဆန္ဒကြောင့် ဖြစ်ပေါ်လာရသောစိတ်ဖိစီးမှုကို လူငယ်များတွင် ၆၀ ရာခိုင်နှုန်းတွေ့ရသည်။

– ဖြစ်ချင်မှု၊ လိုချင်မှုပြင်းပြသောစွဲလမ်းရူးသွပ်စိတ်ကို လူငယ်များတွင် ၄၉ ရာခိုင်နှုန်းတွေ့ရသည်။

– ကျန်းမာရေးပြဿနာအမျိုးမျိုးရင်ဆိုင်ရသဖြင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၃၆ ရာခိုင်နှုန်းတွေ့ရသည်။

– အဝလွန် အဆီပိုလာကာ ခန္ဓာကိုယ်ပုံပန်းမကျမလှပခြင်းကြောင့် စိတ်ဖိစီးမှုကို အမျိုးသမီးများတွင် ၃၆ ရာခိုင်နှုန်းနှင့် အမျိုးသားများတွင် ၂၃ ရာခိုင်နှုန်းတွေ့ရသည်။

– အိမ်ရာနေထိုင်ရေးအတွက် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၃၂ ရာခိုင်နှုန်း တွေ့ရသည်။

– လုပ်ငန်းခွင်အဆင်မပြေခြင်း သို့မဟုတ် အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၂၆ ရာခိုင်နှုန်းတွေ့ရသည်။

– ကြွေးမြီကိစ္စများကြောင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၂၂ ရာခိုင်နှုန်းတွေ့ရသည်။

စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသော ယနေ့ခေတ်ကမ္ဘာကြီးတွင် ရှင်သန်လှုပ်ရှားနေထိုင်ရသူများမှာ ရာသီဥတုဒဏ်၊ အလုပ်တာဝန်နှင့် လူမှုရေးဆိုင်ရာ စိတ်ဖိစီးမှုများခံစားနေကြရသည်ဖြစ်ရာ အင်္ဂလန်နိုင်ငံမှ သုတေသီများ၏တွေ့ရှိချက်သစ်အရ လူသားများသည် လက်ရှိအနားယူကြသည့် အခြေအနေထက် ပိုမိုအနားယူရန်လိုအပ်ကြောင်း၊ အနားယူမှုသည် အိပ်စက်ခြင်းကိုသာဆိုလိုသည်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာစသည့် အနားပေးခြင်းကိုလိုအပ်နေကြောင်း သတိပေးထားသည်။

**စိတ်ဖိစီးမှုအခြေအနေ**

စိတ်ရောဂါ အမျိုးအစားပေါင်းများစွာရှိသည့်အနက် မြန်မာနိုင်ငံ၌ အဖြစ်များသောစိတ်ရောဂါများမှာ စိတ်ကျရောဂါ၊ စိုးရိမ်လွန်ကဲမှုရောဂါ၊ စိတ်ဖောက်ပြန်ရောဂါ၊ အတက်ရောဂါ၊ ဉာဏ်ရည်နိမ့်ကျရောဂါ၊ သတိမေ့တတ်ခြင်းနှင့် သူငယ်ပြန်ခြင်း စသည့်ရောဂါတို့ဖြစ်ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ လူငယ်လူရွယ်များစိတ်ကျရောဂါဖြစ်ပွားမှုသည် သက်ကြီးပိုင်းအရွယ်များထက် သုံးဆခန့် မြင့်တက်နေကြောင်း၊ အသက်အရွယ်ပိုင်းခြားအရ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပိုင်းများနှင့်ယှဉ်လျှင် အသက် ၁၈ နှစ်မှ ၂၉ နှစ်အတွင်းက သုံးဆခန့်ပိုများကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက သုံးဆကျော်ပိုဖြစ်ကြောင်း စသည့်သတင်းအချက်အလက်တို့ကို စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ ဆေးရုံမှတ်တမ်းများအရ လေ့လာသိရှိရသည်။ လူငယ်များတွင် စိတ်ကျရောဂါဖြစ်ပွားနှုန်းပိုများနေခြင်းမှာ နေထိုင်မှုပုံစံများနှင့် ဆက်စပ်နေသည်။ ရုန်းကန်လှုပ်ရှားမှုများလာလေလေ စိတ်ဖိစီးမှုပိုများလာပြီး တစ်ဖက်ကလည်း ၎င်းစိတ်ဖိစီးမှုများကိုပြေပျောက်အောင် ကြိုးစားမှုပိုင်းတွင် လိုအပ်ချက်များရှိလာသည်နှင့်အမျှ ပို၍ပို၍စိတ်ခံစားရကာ နောက်ဆုံးတွင် စိတ်ကျရောဂါဖြစ်လာသည်။

**ကောင်းဆိုးနှစ်တန် လောကဓံ**

လူအများစုက ပုထုဇဉ်ပီပီ မာန်မာနတက်ခြင်းကို လောကဓံဟု မထင်မှတ်ကြပေ၊ သို့မဟုတ် ထင်မှတ်စရာဟု အသိမရှိကြပေ။ ဘဝတွင်အောင်မြင်မှုရ၍ မာန်မာနများတက်မည်ဆိုပါက မိမိထက်အဆများစွာ အောင်မြင်ပြီး ဘဝကိုရိုးရှင်းစွာ ဖြတ်သန်းနေသူများ အကြောင်းကို သတိရကြည့်ပေးပါ။ ထိုအခါ မိမိစိတ်သန္တာန်တွင် မာန်မာနတက်တော့မည်မဟုတ်ပေ။ ထို့နည်းတူ မိမိဘဝတွင် အခက်အခဲများကြုံနေရ၍ စိတ်ဓာတ်ကျဆင်းချိန်များတွင် မိမိထက်ဆင်းရဲဒုက္ခရောက်ပြီး အဆင်မပြေသူများကိုကြည့်၍ မိမိ၏ အခက်အခဲများက မပြောပလောက်ပါတကားဟူ၍ သံဝေဂယူတတ်မည်ဆိုပါလျှင် အတော်အတန်စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်ကာ စိတ်ခွန်အားရစေမည်။

**စာဖတ်ခြင်းက စိတ်ဖိစီးမှုပြေပျောက်နိုင်**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူအများကို အိမ်၌သာနေထိုင်ရန်ညွှန်ကြားချက်ကြောင့် နိုင်ငံတချို့၌ စာအုပ်ဖတ်သူဦးရေနှစ်ဆတိုးလာခဲ့ကြောင်း UNESCO က ထုတ်ပြန်ထားသည်။ လူတစ်ဦးတစ်နေ့လျှင် အနည်းဆုံးမိနစ် ၂၀ ခန့် စာဖတ်ခြင်းက တစ်နှစ်အတွင်း စကားလုံးနှစ်သန်းနီးပါးဖတ်ရှုခြင်းနှင့်ညီမျှကြောင်း သုတေသီများက သုံးသပ်ထားသည်။ ထို့ပြင် ယူကေတက္ကသိုလ်တစ်ခုဖြစ်သော University of Sussex ၏ သုတေသနပြုလုပ်ချက်များအရ လူတစ်ဦးသည် လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် ၄၂ ရာခိုင်နှုန်း၊ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်သောက်ခြင်းကြောင့် ၅၄ ရာခိုင်နှုန်း၊ သီချင်းနားထောင်ခြင်းကြောင့် ၆၁ ရာခိုင်နှုန်း စသည်ဖြင့် စိတ်ဖိစီးမှုကိုလျှော့ကျစေသည်။ သို့ရာတွင် စာဖတ်ခြင်းကြောင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းအထိ လျှော့ကျစေနိုင်ကြောင်း တွေ့ရှိထားသည်။ ထို့ကြောင့် အားလုံးနှင့် နှိုင်းယှဉ်လျှင် စာဖတ်ခြင်းက စိတ်ဖိစီးမှုကိုသိသိသာသာ လျှော့ကျစေသည်။

**''ယူကေတက္ကသိုလ်တစ်ခုဖြစ်သော University of Sussex ၏ သုတေသနပြုလုပ်ချက်များအရ လူတစ်ဦးသည် လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် ၄၂ ရာခိုင်နှုန်း၊ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်သောက်ခြင်းကြောင့် ၅၄ ရာခိုင်နှုန်း၊ သီချင်းနားထောင်ခြင်းကြောင့် ၆၁ ရာခိုင်နှုန်းစသည်ဖြင့် စိတ်ဖိစီးမှုကိုလျှော့ကျစေသည်။ သို့ရာတွင် စာဖတ်ခြင်းကြောင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းအထိ လျှော့ကျစေနိုင်ကြောင်း တွေ့ရှိထားသည်. . .''**

**စိတ်ဖိစီးမှုဖြေဖျောက်နည်းများ**

စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော လူမှုဘဝ အရေးသုံးပါးကို အလွှာစုံအသီးသီးမှ လူသားများက ပြေလည်အောင် ဖြေရှင်းကြရသည့်အခါ မိမိတို့ကျင်လည်ကျက်စားနေရသော ပတ်ဝန်းကျင်တွင် အနည်းနှင့်အများဆိုသလို စိတ်ဖိစီးမှုများကိုကြုံရစမြဲဖြစ်သည်။ စိတ်ဖိစီးမှုများကိုဖြေဖျောက်ရာတွင် မိမိဘာသာတစ်ဦးတည်း စိတ်အပန်းဖြေနည်းနှင့် မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်း ဟူ၍ နှစ်မျိုးရှိသည်။

**(က) မိမိတစ်ဦးတည်းစိတ်အပန်းဖြေနည်း**

တေးဂီတနားထောင်ခြင်း၊ သီချင်းဆိုခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ဆံပင်ပုံစံပြောင်း၍ညှပ်ခြင်း၊ ပန်းပင်စိုက်ခြင်း၊ စာရေးစာဖတ်ခြင်း၊ ဇာထိုးပန်းထိုးခြင်း သို့မဟုတ် စက်ချုပ်ခြင်း၊ အနင်းအနှိပ်ခံခြင်း၊ အိပ်ချိန်မဟုတ်သေးသော်လည်း တိတ်ဆိတ်ငြိမ်သက်ပြီး လေကောင်းလေသန့်ရသော အိပ်ရာထက်တွင် ခြေလက်ဆန့်၍ မျက်စိမှိတ်ကာအနားယူခြင်း၊ လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီးခြင်း၊ အားကစားလုပ်ခြင်း၊ ယောဂကျင့်ခြင်း၊ တရားဓမ္မစာပေများပွားများရွတ်ဖတ်ခြင်း၊ နေအိမ်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားကျောင်းဆောင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကြွေးမြီကင်းသော အလှူဒါနပြုခြင်းစသည်တို့က မိမိဘာသာတစ်ဦးတည်း စိတ်အပန်းဖြေနည်းများ ဖြစ်သည်။

လေ့လာမှုစစ်တမ်းများအရ တောင်ပေါ်ဒေသ၌ နေထိုင်သူများသည် မြေပြန့်တွင် နေထိုင်သူများထက် ဒေါသနည်းပြီး စိတ်ငြိမ်းချမ်းမှုရှိကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် တောင်ပေါ်ဒေသ၌ နေထိုင်သူများသည် လေထုဖိအားများသည့်အတွက် မြေပြန့်တွင်နေထိုင်သူများထက် ပို၍အသက်ပြင်းပြင်းရှူရသည်။ ထိုအခါ ဦးနှောက်၏ အစာအာဟာရဖြစ်သော အောက်ဆီဂျင်ပိုမိုရရှိကာ စိတ်ကြည်လင်လန်းဆန်းပြီး စိတ်အပန်းပြေစေသည်။ ထို့နည်းတူစွာပင် ဝင်လေထွက်လေကို သတိပြုရသည့် တရားထိုင်ခြင်း သို့မဟုတ် အသက်ပြင်းပြင်းရှူခြင်းသည်လည်း စိတ်ခွန်အားပြန်လည်ဖြည့်တင်းရန် မှန်ကန်သောနည်းလမ်းဖြစ်၍ စိတ်အပန်းပြေစေသည်။

**(ခ)မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်း**

အိမ်မွေးတိရစ္ဆာန်များကိုအချိန်ပေးခြင်း၊ ကလေးငယ်များနှင့် အဖော်ပြုခြင်း၊ တစ်ပါးသူအပေါ် ကိုယ်ချင်းစာနာစိတ်ထားပြီး အတတ်နိုင်ဆုံးသည်းခံစိတ်မွေးမြူခြင်း၊ အပြုံးမျက်နှာ ချိုသောစကားတို့ဖြင့် ပြုမူနေထိုင်ခြင်း၊ အတ္တပရမ္မျှတခြင်း၊ မိမိအတွေးအခေါ် ပြောဆိုနေထိုင်မှုအားလုံးသည် အကုသိုလ်ကင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ဖြစ်အောင် ကြိုးစားခြင်း၊ ဒေါသမကြီးဘဲ အရာရာကို အကောင်းမြင်တတ်ခြင်းစသည်တို့က မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်းများဖြစ်ကြသည်။

ရှေးယခင်က မြန်မာလူမျိုးများသည် တခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပြည်တွင်း၊ ပြည်ပအပန်းဖြေခရီးသွားလာမှုနည်းပါးသည်။ အွန်လိုင်းမီဒီယာများ ကျယ်ပြန့်လာသည့်အခါတွင် အပန်းဖြေခရီးသွားခြင်း၏ အကျိုးကိုသိရှိနားလည်လာကြသည်။ ထို့ကြောင့် ချစ်ခင်ရသူများနှင့် အပန်းဖြေခရီးထွက်၍ အမှတ်တရများဖန်တီးသင့်သည်။ အကယ်၍ လုပ်ငန်းခွင် သို့မဟုတ် နေအိမ် စသည်တို့တွင် စိတ်ဖိစီးမှုရှိပါက ပင်ပန်းနွမ်းနယ်မှုများပြေပျောက်စေရန် ခဏတာ အပန်းဖြေခရီးထွက်သင့်ပါသည်။ ခရီးမှပြန်လာသောအခါ စိတ်ကြည်လင်လန်းဆန်းပြီး ခွန်အားများပြည့်ဝလာနိုင်ကြောင်းနှင့် လူသားအားလုံးသက်ရှည်ကျန်းမာစွာ စိတ်ပင်ပန်းမှုများပြေပျောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားဖော်ပြလိုက်ရပါသည်။

**ပေါက်ပေါက်**

# ဘုတ်ပြင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင် စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ဘုတ်ပြင်း စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့်ဟောပြောပွဲကို အတွင်း ဘုတ်ပြင်းကျေးရွာအုပ်စု ကရိုင်တိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာလ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကရိုင်တိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြူက အသိပညာပေးဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကိုပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဟောပြောရာ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကျောင်းသင်ခန်းစာအပြင် အားလပ်ချိန်တွင် အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များတွင် အသိပညာဗဟုသုတရရှိစေရန် စာအုပ်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို အခမဲ့လာရောက်ဖတ်ရှုပြီး ၎င်းရယူနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများကို စာဖတ်စွမ်းရည်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရေးအတွက် ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်မှ မိမိတို့စိတ်ကြိုက်ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးက အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ချမ်းမြေ့**

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။



ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေဝင်းက ဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ရွက်မှု (VIDEO CLIP) ကိုပြသသည်။ ထို့နောက် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်မျှော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့်ပညာရေးပြခန်းအား လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ (၄၀၅)

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရဲတပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူများမှထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရဲတပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီလုပ်ငန်းများအချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

တောင်တွင်းကြီးမြို့နယ်ချောင်းနက်ကျေးရွာအုပ်စုရဲတပ်ကျေးရွာ၌ လမ်းအရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူများမှထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်းငွေကျပ် ၁၆ သန်းဖြင့် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ၂၆ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၈ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရဲတပ်ကျေးရွာရှိ အိမ်ခြေ ၈၂ အိမ်မှ လူဦးရေ ၃၈၈ ဦးတို့၏ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

ကိုညို(ကျေးလက်)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် စက်တင်ဘာ ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန်ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# တတ်သိလိမ္မာရှိသည့်ခါ

➡ ငွေ ပစ္စည်း လူ၊ ဇမ္ဗူတစ်လွှား
စုပေါင်းအားဖြင့်၊ တိုးပွားစေကြောင်း
နည်းလမ်းကောင်းရှိ၊ တတ်သည့်ပညာ
လူတို့မှာလျှင်၊ သင်ပါစာပေ
သူတတ်လေမှ၊ ငွေနှင့်ပစ္စည်း
စုပေါင်းပြီးလျှင်၊ ကောင်းချီးသံဖွင့်
တင့်တင့်တယ်တယ်၊ သိမြင်ကြွယ်၍
စိတ်ဝယ်ရှိကြောင်း အခြေကောင်းလိမ့်။

➡ ကမ္ဘာပေါ်မှာ၊ စာဖတ်လူမျိုး
တိုးတက်သည်ထက်၊ တိုးတက်လူမျိုး
လွန်ကြိုးစားကာ၊ စာဖတ်ပါ၏
မိန့်မှာစကား၊ ကြားခဲ့တစ်ခါ
မြန်မာလူမျိုး ဂုဏ်ရှိန်တိုးလိမ့်။

➡ စာများများဖတ်၊ တတ်သိလိမ္မာ
ရှိသည့်ခါဝယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာဟု၊ စာပေသုတ
ဟောညွှန်ပြသည် မဟုတ်လော။

➡ စာပေစကား၊ ကြားဖန်များမူ
သာမန်လူပင်၊ သိမြင်လာကြ
နှစ်ဖြာကောင်းကျိုး၊ ထိုနှစ်မျိုးကို
ထိုးခွဲတွန်းဖောက်၊ အမှန်ရောက်လိမ့်
မကြောက်မရွံ့၊ ဆိုဝံ့စကား
အများလူပုံ တင့်တယ်ကုန်၏။

➡ စာလည်းမဖတ်၊ သိမှတ်မှုကင်း
လူပျင်းအန္ဓ၊ သူ့ဘဝကား
ဆိုးဝါးလှဘိ၊ မရှိပညာ
ချို့တဲ့စွာဖြင့်၊ တင့်တယ်မပြု
လူ့ရွာလူ့ဘောင်၊ ဝင်အောင်မဆံ့
တုံ့တုံ့တည်တည် မရှိပြီတည့်။

➡ ထို့ကြောင့်စာပေ၊ ဖတ်ပါလေဟု
ကောင်းစေလိုကြောင်း
ကိုယ်ဆုတောင်းသည်
စာကောင်းပေမြတ်၊ အစဉ်ဖတ်ပါ
တတ်သိလိမ္မာ အမြဲသာ။ ။

**ဘိုမျိုး(ရွှေဘို)**

# ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀၀၀၀ ကျော်တင်ပို့ထား



ရန်ကုန် စက်တင်ဘာ ၈

ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လကုန်အထိ ငါးလတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၀၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်ကာ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၃ သန်းကျော် ရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဆန်တန်ချိန် သုံးသိန်းခြောက်သောင်းကျော်နှင့် ဆန်ကွဲတန်ချိန် သုံးသိန်းငါးသောင်းကျော် တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်အများဆုံး တင်ပို့ခဲ့ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်း ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရည်မှန်းထားကြောင်း သိရသည်။

ဝါဝါ

# ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၀၅၄ ဧက စိုက်ပျိုးပြီးစီး

ကျုံပျော် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ဖူးစားပြောင်း လျာထားဧက ၁၂၉၈ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၁၀၅၄ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်သည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်မှာ ဖူးစားပြောင်း ၁၂၉၈ ဧကစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ ၁၀၅၄ ဧကစိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းသီးနှံပါအဝင် ဆောင်းရာသီမှာ စိုက်မယ့် သီးနှံအားလုံးကို လျာထားချက် ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်''ဟု ဦးဆန်းဝင်းကပြောသည်။

ယခုနှစ်တွင် ပြောင်းစနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့်အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှု စနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် ပညာပေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သုတကျော်

# ဂျိုင်း(ဇာသပြင်)တံတားသစ်တည်ဆောက်နေမှု ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရာနှုန်းပြည့်ပြီးစီးရန်မျှော်မှန်း

မော်လမြိုင် စက်တင်ဘာ ၈

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အစပ်ရှိ ဂျိုင်း(ဇာသပြင်)တံတားသစ် တည်ဆောက်နေမှုသည် လက်ရှိတွင် ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရာနှုန်းပြည့်ပြီးစီးရန် မျှော်မှန်းထားကြောင်း မွန်ပြည်နယ် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)မှ သိရသည်။

ဂျိုင်း(ဇာသပြင်) တံတားသစ်သည် မော်လမြိုင်-ဇာသပြင်-အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်းပေါ်၌တည်ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၆၀၊ တံတားအရှည် ၂၆၁၅ ပေနှင့် အကျယ် ၆၈ ပေရှိကာ လေးလမ်းသွား၊ သုံးခန်းတွဲ သံမဏိကြိုးဆိုင်း တံတားအမျိုးအစားဖြစ်သည်။ အဆိုပါတံတားသစ် တည်ဆောက်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံမှနည်းပညာအပြင် သက်သာသောအတိုးနှုန်းနှင့် ချေးငွေများပံ့ပိုးကူညီပေးထားပြီး မွန်ပြည်နယ် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)မှ ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အခုတည်ဆောက်နေတဲ့ တံတားသစ်ရဲ့ဘေးမှာရှိတဲ့ တံတားဟောင်းက ၁၉၉၇ ခုနှစ်လောက်မှာ တည်ဆောက်ခဲ့တာပါ။ နှစ်ပေါင်း ၃၀ နီးပါးရှိလာပြီဖြစ်တဲ့အတွက် ကြံ့ခိုင်မှုအားနည်းလာပြီး သတ်မှတ်ခံနိုင်ဝန်ကလည်း ၁၃ တန်ပဲဖြစ်တာကြောင့် နောင်တစ်ချိန်မှာ မော်လမြိုင်မြို့ကနေ ဘားအံ၊ မြဝတီ စတဲ့ဒေသတွေကို ကူးသန်းသွားလာရာမှာ တန် ၆၀ အထိ မော်တော်ယာဉ်တွေနဲ့ ရာသီမရွေး ပိုမိုအဆင်ပြေစွာ သွားလာလို့ရအောင် ဒီတံတားသစ်ကို အကောင်အထည်ဖော်တည်ဆောက်တာပါ" ဟု မွန်ပြည်နယ် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝေဖြိုးကပြောသည်။

အဆိုပါ ဂျိုင်း(ဇာသပြင်)တံတားသစ်သည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ် စသည့် အာဆီယံနိုင်ငံများကြား ဆက်သွယ်နေသောလမ်းမကြီးဖြစ်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်၌တည်ရှိသဖြင့် ဒေသတွင်းနိုင်ငံများကြား စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထိုတံတားသစ်ကြီး တည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်လာပြီး ဆက်စပ်ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး စသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# အခြေခံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် Grade-12 (မြို့နယ်အဆင့်) ဘာသာရပ်အလိုက် ဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းများ၌ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး Grade-12 (မြို့နယ်အဆင့်) ဘာသာရပ်အလိုက် ဆွေးနွေးပွဲကို စက်တင်ဘာလ ၈ ရက်တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များသည် အဓိကကျကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အတွက် Grade-12 ဘာသာရပ်အလိုက်ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဘာသာရပ်အလိုက် ဆွေးနွေးပွဲကျင်းပခြင်းအားဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-12 တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှုစွမ်းရည် မြင့်မားခြင်း၊ သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်များအလိုက် ထိရောက်အောင်မြင်သော သင်ကြား၊ သင်ယူမှုများ ရရှိစေခြင်း၊ တတ်မြောက်မှုကိုစစ်ဆေးရာတွင် မေးခွန်းကောင်းတို့၏ အင်္ဂါရပ်များနှင့် ကိုက်ညီပြီး တီထွင်ဖန်တီးနိုင်မှုစွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်ကို ဖော်ပြသော စစ်ဆေးတိုင်းတာမှုဖြစ်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ Grade-12 ဘာသာရပ်သင် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။




သက်မောင် (ကျောက်ဆည်)

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



**❒ နိုင်ငံတကာစာတတ်မြောက်ရေးမှ**

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယကက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကမ္ဘာပေါ်တွင်ရှိသည့် လူတိုင်းစာတတ်မြောက်စေရန် တွန်းအားပေးသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်ကို "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" အဖြစ် သတ်မှတ်ထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယူနက်စကိုအဖွဲ့ကြီးကချီးမြှင့်ခဲ့သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုတို့ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့မှုသည် မြန်မာနိုင်ငံ၏စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကို ကမ္ဘာကအသိအမှတ်ပြုခဲ့သည့် အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ကဏ္ဍ(၃)ရပ်တွင် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဦးတည်ချက်များအနက် လူမှုရေးကဏ္ဍတွင် "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသောဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ပညာရေးမှာ လူတိုင်းတက်ရောက်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education) ကဏ္ဍအပြင် ကျောင်းပြင်ပပညာရေး(Non-Formal Education)ကဏ္ဍဖြင့်ပါ ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်ကြပါစို့" "Promoting multilingual education: Literacy for mutual understanding and peace"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏အကျိုးကျေးဇူးများရရှိရုံသာမက မိမိတို့၏ နိုင်ငံတွင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိစေရန် စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ စာမတတ်သူဦးရေလျှော့ချနိုင်ရေးအတွက် စာတတ်မြောက်အောင်သင်ကြားပေးခြင်းဖြင့် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေကို နှစ်အလိုက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စာဖတ်ရိုန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လူနေမှုဘဝမြင့်မားရေးတို့အတွက် အသိပညာပေးခြင်းအစီအစဉ်သုံးခုပါဝင်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ၊ ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့်ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များကို ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်ကဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု (Video Clip)ကိုပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။



**(၅၀၀)**

**⊟ ကျောဖုံးမှအဆက်**

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂ မိနစ်တွင် ဘာကာယိုကို၊ ပွဲချိန် ၈၄ မိနစ်တွင် ဆေးဗားလ်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ရန်နိုင်လင်းကသွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်းမှ ဂိုးသမား ဟိန်းထက်စိုးက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၆ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်၊ ၃၇ မိနစ်နှင့် ၆၉ မိနစ်တို့တွင် ဥက္ကာနိုင်၊ ပွဲချိန် ၄၅ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၅၉ မိနစ်တွင် ဒေးဗစ်ထန်းနှင့် ပွဲချိန် ၆၂ မိနစ်တွင် လမင်းထွေးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေ့ါအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် စည်သူနိုင်က သွင်းယူပေးနိုင်ခဲ့ကာ အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ဥက္ကာနိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် စက်တင်ဘာလ ၉ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ အသီးသီးကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးများကို တက်ရောက်ခဲ့သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ


နေပြည်တော် စက်တင်ဘာ ၈

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေးများသို့တက်ရောက်ခဲ့ကြသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဗိုလ်ချုပ်မင်းသူတို့ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၇ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းဖြင့် ပြန်လည်ထွက်ခွာကြသည်။

မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်မောင်စိုးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"
First Aid and Sports
Ready, Set, Respond

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်



ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီးပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အထက (လေ့ကျင့်ရေး)ကမာရွတ်၌ ပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက "စေတနာပန်းတို့လန်းရာမြေ"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ဖတ်ကြားသည်။ ဆက်လက်၍ နိုင်ငံတကာစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှုများအား Video Clip ပြသသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ အထက(လေ့ကျင့်ရေး)ကမာရွတ်မှကျောင်းသားကျောင်းသူများက "တို့အင်တို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားခင်းကျင်းပြသထားသော ပြခန်းများနှင့် ဆုရရှိသူများ၏လက်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စာဖတ်ခြင်းမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ငွေလရောင်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်ပြီး ယခုနှစ်အတွက် ဆောင်ပုဒ်မှာ**"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့"** ဟူ၍ ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စာတတ်မြောက်ရေးသည် အခြေခံအကျဆုံးဖြစ်သည်။ စာတတ်မြောက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့်ထိုတိုင်းပြည်တွင် စာပေထွန်းကားမှုတို့သည် တိုက်ရိုက်ဆက်နွှယ်နေသည်။ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တွင် စာအုပ်စာပေများ အလွန်ပေါ်များကာ လူများသည်လည်း စာကိုအလွန်ဖတ်ရှုကြသည်။ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲက စာပေထွန်းကားရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးကိုအလေးပေးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။



ထို့ပြင် ပညာသင်ကြားခြင်းသည် နိုင်ငံ၏အနာဂတ်တွင် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် အသိပညာမြင့်မားအောင် ကမ္ဘာ့နိုင်ငံအသီးသီးက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းဆောင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ခဲ့ကြသည်။

၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization) က ကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉ နိုင်ငံက ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေးပညာရှင်များ စုံညီစွာ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (A World Literacy Congress ) က စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်နေ့အထိ ၁၂ ရက်တိုင် အောင်မြင်စွာ ကျင်းပခဲ့ကြသည်။ ထိုကွန်ဂရက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ အကြောင်းအမျိုးမျိုးကြောင့် စာမတတ်သူများ၏ အခြေအနေ၊ စာမတတ်မြောက်သောဘဝသို့ရောက်ရှိရသည့် အကြောင်းတရားများနှင့် တိုက်ဖျက်နိုင်မည့်နည်းလမ်းများ၊ အထူးသဖြင့် ဆင်းရဲပြီး ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများတွင် စာမတတ်မှုနှင့် နောက်ဆက်တွဲပြဿနာများ၊ စာမတတ်သူဦးရေ တိုးပွားမှုမရှိစေရေးနှင့် တစ်စတစ်စကျဆင်းသွားစေမည့် အထောက်အကူပြုနည်းလမ်းများစသည့် အကြောင်းအချက်များကို ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကျင်းပခဲ့သည့်နေ့ကို အကြောင်းပြု၍ ၁၉၆၆ ခုနှစ်တွင် ယူနက်စကို အထွေထွေညီလာခံကြီးက စက်တင်ဘာလ ၈ ရက်နေ့အား နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပပေးခဲ့ရာ ယခုနှစ် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ၅၈ နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။ လူတိုင်းအတွက် ပညာရေးအစီအစဉ်အရ လူတိုင်းစာတတ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စာမတတ်သူ ပြည်သူတစ်ရပ်လုံး စာတတ်မြောက်လာစေရန်၊ အတွေးအခေါ်သစ်များနှင့် မှန်ကန်သော သဘောထားများကို ပိုမိုရင့်သန်လာစေရန်၊ လူ့ဘဝအမြင်ပိုမိုကျယ်ပြန့်လာစေရန်၊ ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာ ပါဝင်လာစေရန်၊ ကုန်ထုတ်လုပ်ငန်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ပြည်သူတစ်ရပ်လုံး၏ ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုမှာ ရှေးဘုရင်များလက်ထက်တွင် ဘုန်းတော်ကြီးသင် စာပေသင်ကြားမှု အကျိုးကျေးဇူးများကြောင့် ကျေးလက်ပြည်သူများ ပါမကျန် စာတတ်မြောက်ကြပြီး စာတတ်မြောက်နှုန်း ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။ မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက် သူ့ကျွန်ဘဝ ကျရောက်ခဲ့စဉ်မြန်မာလူမျိုးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ အဘက်ဘက်မှ နိမ့်ကျချို့ယွင်းခဲ့ပြီး စာတတ်မြောက်နှုန်းမှာလည်း ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ ၁၉၄၈ ခုနှစ် သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိသည့်ကာလမှ အစပြု၍ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် "အ"သုံးလုံးကျောင်းတန်းများကို စေတနာ့ဝန်ထမ်းများဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်သည် တစ်နိုင်ငံလုံးတွင် ပထမဆုံး ခရိုင်လုံးကျွတ် စာတတ်မြောက်သည်အထိ အောင်ပွဲခံခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိုင်းလုံးကျွတ်စာတတ်မြောက်ရေးအောင်ပွဲများကျင်းပနိုင်ခဲ့သည်။ "စာတတ်မြောက်ရေးလူ့အခွင့်အရေး၊ စာမတတ်သူတို့ဝိုင်းကူ" ဟူသည့် ကြွေးကြော်သံဆောင်ပုဒ်များဖြင့် မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများကို ကျင်းပနိုင်ခဲ့ကြသည်။

ထိုသို့ စာတတ်မြောက်ရေးအတွက် ပြည်သူအများ၏ ပါဝင်လှုပ်ရှားမှုအဖြစ် ကမ္ဘာသိကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယူနက်စကိုအဖွဲ့က စာတတ်မြောက်ရေးအထိမ်းအမှတ်ဆုများအဖြစ် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုများကို ချီးမြှင့်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းထိ တိုးတက်မြင့်မားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုမှာ ၉၁ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့သည်။၂၀၀၅ ခုနှစ်မှစတင်၍ နှစ်စဉ်စာတတ်မြောက်မှုနှုန်းများတိုးတက်လာပြီး ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊

❖ **စာပေမြင့်မှ လူမျိုးတင့်မည်ဆိုစကားကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ပညာရည်မြင့်မားရေးသည် အလွန်အရေးကြီးလှပေ. . .**

❖ **နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အတွေးအခေါ် အမြော်အမြင်ဗဟုသုတပြည့်စုံခြင်းတို့ပေါ်တွင်မူတည်. . .**

၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်နှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ကို လေ့လာတွေ့ရှိရသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်၊ ပညာခေတ်ဖြစ်သောကြောင့် တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အတူ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လူတိုင်းစာတတ်ကြရန်လိုသကဲ့သို့ စာဖတ်ကြရန်လည်းလိုပေသည်။ ပညာဆိုသည်မှာ ဘဝတစ်သက်တာဟုဆိုလိုသည်။ ပညာ၏ အသုံးဝင်မှု၊ အရေးပါမှုသည် အချိန်အကန့်အသတ်မရှိ အမြဲနုပျိုလတ်ဆတ်နေသည့်အတွက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာပြည့်ဝသည့် လူသားအရင်းအမြစ် မြောက်မြားစွာလိုအပ်ပြီး ထိုလူသားအရင်းအမြစ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ ဘက်စုံ၊ ကဏ္ဍစုံမှပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဦးတည်ချက်(၉)ရပ်၏ လူမှုရေး ဦးတည်ချက်တွင် "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူ၍ ဦးတည်ချက်တစ်ရပ်ထည့်သွင်းကာ ဘက်စုံပညာရေးစနစ်ထွန်းကားရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ပညာရေးမြှင့်တင်မှုတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုမြှင့်တင်ရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စာကြည့်တိုက်များရှင်သန်တိုးပွားရေး၊ စာဖတ်ရှုမြှင့်တင်ရေးအတွက် လစဉ်ပွဲတော်များကျင်းပကာ စာတတ်သူတိုင်းစာဖတ်ရေးအတွက် လှုံ့ဆော်စည်းရုံး၍စာဖတ်ရှုမြှင့်မားလာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

"စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ၍ စာတတ်ပြီးစာဖတ်သောသူသည် လမ်းလျှောက်သောသူနှင့်တူသည်" ဟု နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုအတိုင်း စာတတ်သောသူတိုင်း စာဖတ်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေခြင်းပင်ဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်ချင်းမှ တစ်နိုင်ငံလုံးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် စာတတ်ရုံမျှနှင့်မလုံလောက်ဘဲ စာဖတ်ကြရန်လည်းလိုပေသည်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အတွေးအခေါ် အမြော်အမြင်ဗဟုသုတ ပြည့်စုံခြင်းတို့ပေါ်တွင် မူတည်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို စာဖတ်ခြင်းဟူသည့် အသိဉာဏ်ပေတံဖြင့် တိုင်းတာ၍ ရနိုင်ပေသည်။ အလိမ္မာစာမှာရှိဆိုသည့် စကားအတိုင်း စာဖတ်ခြင်းဖြင့် အကောင်းအဆိုးအကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားနိုင်ပြီး ဦးနှောက်အာဟာရကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ကြုံတွေ့ရမည့်အခက်အခဲများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ပေသည်။

ထို့ပြင် စာပေမြင့်မှ လူမျိုးတင့်မည် ဆိုစကားကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ပညာရည်မြင့်မားရေးသည် အလွန်အရေးကြီးလှပေသည်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အတွေးအခေါ်အမြော်အမြင်ဗဟုသုတပြည့်စုံခြင်းတို့ပေါ်တွင် မူတည်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို စာဖတ်ခြင်းဟူသည့် အသိဉာဏ်ပေတံဖြင့် တိုင်းတာ၍ ရနိုင်ပေသည်။

အလားတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာစကားစုံပညာရေးကိုမြှင့်တင်ခြင်း၊ ဘာသာစကားစုံနားလည်မှုနှင့်ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရေးသည်လည်း အရေးကြီးသဖြင့် ဘာသာစကားစုံပညာရေးကို မြှင့်တင်ကာ ငြိမ်းချမ်းမှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်ခဲ့သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားရင်းစာပေဖတ်ရှုခြင်းဖြင့် စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်နိုင်ခြင်း၊ အကောင်းအဆိုးအကျိုးအပြစ်များ ဝေဖန်ပိုင်းခြားနိုင်ပြီး ဦးနှောက်အာဟာရ ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

⏭ ကျောဖုံးမှအဆက်

မြောက်လတ္တီကျု ၁၈ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၆ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေ-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့မှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၉-၉-၂၀၂၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်(Odisha)နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့ (Puri) နှင့် ဒီဂါမြို့ (Digha) တို့အကြားမှဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ၁၂-၉-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**၈-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**




# (၄၇)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

စနေနေ့တိုင်း ကျင်းပလျက်ရှိသည့် (၄၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ကျင်းပပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် သုတေသီများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက Online ဖြင့်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက လူထုအခြေပြု သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာယင်းမာစိုး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ သုတေသနဌာနခွဲ မြေဆီလွှာသိပ္ပံသုတေသနဌာနစု သုတေသနမှူး ဒေါက်တာနီနီတင့်နှင့် ပါရဂူတန်းကျောင်းသူ မမျိုးသန္တာခိုင်တို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲခြင်းဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များ၊ တောင်သူ့အကျိုးစီးပွားဖြစ်ထွန်းစေနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေသောရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအဖြစ် အကျိုးပြုနိုင်မှုတို့ကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာပညာရှင်များက ပြန်လည်ဖြေကြားကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကရင်ပြည်နယ်အတွင်း စာသင်ဝိုင်း ၂၀၃ ဝိုင်းဖြင့် စာသင်သား ၁၇၃၃ ဦးကို သင်ကြားပေးနိုင်

**ဘားအံ စက်တင်ဘာ ၈**

"အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်စို့" ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ် ၂၀၂၄ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာဆရာ၊ ဆရာမများက စာတတ်မြောက်ရေးဝိုင်းကူပေး သီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ၂၀၂၄ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း စာသင်ဝိုင်း ၂၀၃ ဝိုင်း၊ ကြီးကြပ် ၂၆ ဦး၊ နည်းပြ ၂၀၃ ဦးဖြင့် စာသင်သား ၁၇၃၃ ဦးကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံဆရာ၊ ဆရာမများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်အောင်မြင်ခဲ့ကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ကရင်ပြည်နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို အတူတကွကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ ခင်းကျင်းပြသထားသော ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ဆုရ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာလက်ရာများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ စိုက်ပျိုးထားသောပန်းထိမ်ငိုပန်းများ အောင်မြင်ဖြစ်ထွန်း

တောင်တွင်းကြီး စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီးရှိမကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ တောင်တွင်းကြီးနှင့် နတ်မောက်မြို့နယ်တို့ရှိ ကျေးရွာများ၌ နှမ်း၊ မြေပဲ၊ ကြက်သွန်နီနှင့် ပဲမျိုးစုံတို့ကို နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး ပန်းထိမ်ငိုပန်းများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပန်းထိမ်ငိုပန်း ၆ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပန်းထိမ်ငိုပန်းမျိုးများကို ပြင်ဦးလွင်မှ မှာယူပြီး စိုက်ပျိုးရာတွင် မြေကိုပေါင်ခတ်ပြုပြင်၍ ပင်ကြားတန်းကြား စနစ်ဖြင့် စိုက်ပျိုးကြသည်။ မျိုးအနေဖြင့် ပန်းထိမ်ငိုပန်း အဖြူမျိုးနှင့် ခရမ်းမျိုးများကို စိုက်ပျိုး၍ တစ်ဧကလျှင် မျိုးဥ ပိဿာချိန် ၃၀၀-၃၅၀ ခန့်စိုက်ပျိုးရသည်။ ပန်းထိမ်ငိုပန်းသည် အစိုဓာတ်ရှိသောမြေ၌ အောင်မြင်ဖြစ်ထွန်းပြီး ဧပြီလတွင် စိုက်ပျိုး၍ ဇွန်လတွင် စတင်ခူးဆွတ်ရောင်းချကြောင်း သိရသည်။

စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၅ သိန်းခန့် ကုန်ကျပြီး ရောင်းတမ်းဝင်ပန်းပင်အရေအတွက်၇၅၀၀၀ ခန့်ရရှိသည်။ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈၂ သိန်းခန့်ရရှိကာ စိုက်ပျိုးတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိသည်။ ဈေးကွက်အနေဖြင့် ဒေသတွင်းကျေးရွာများမှ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့တို့ရှိပန်းအရောင်းဆိုင်ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

# နေပြည်တော်၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက“စေတနာပန်းတို့လန်းရာမြေ”တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် VIDEO CLIP ကိုပြသပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက“စာတတ်မြောက်ရေးဝိုင်းကူပေး ” တေးသီချင်းကို ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှကလျာလမ်း၊ ဇေယျာအောင်မြင်လမ်း၊ ဇေယျာအောင်မြေလမ်းနှင့် လှထိပ်ခေါင်လမ်းဆုံတို့၌ လမ်းဘေးဝဲ၊ ယာ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)၊ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ခေါင်းလောင်းများ ရောင်တော်ဖွင့်လှစ်နေမှု၊ ဘုရားရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ဖွားစေတီတော်နှင့် ဟောစေတီတော်သွားရာလမ်းဘေးဝဲ၊ ယာတစ်လျှောက် မြက်ချုံများရှင်းလင်းနေမှု၊ မိုးသည်းထန်စွာရွာသွန်းချိန်တွင် ဇဝနသိဒ္ဓိရပ်ကွက် နှင်းဆီလမ်းအနီးတစ်ဝိုက်နှင့် ရတနာသိဒ္ဓိရပ်ကွက် ရေတာရှည်လမ်းတို့တွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းပြည်နယ် ကန်ပက်လက်မြို့ ကျင်ဒွေးဒေသ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**မကွေး စက်တင်ဘာ ၈**

ချင်းပြည်နယ်ကန်ပက်လက်မြို့ ကျင်ဒွေးဒေသမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများသည် ယနေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ရောက်ရှိခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအားတွေ့ဆုံ၍ ယာယီစီမံထားသည့် မကွေးတက္ကသိုလ် ဗိသနိုးဆောင်၌ နေထိုင်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးကာ ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျင်ဒွေးဒေသမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ရောက်ရှိလာသည့် ချင်းပြည်နယ် ကန်ပက်လက်မြို့ ကျင်ဒွေးဒေသမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကာ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး၊ မီးဖိုချောင်သုံးပစ္စည်းရှစ်မျိုးပါပုံး၊ မိသားစုသုံးပစ္စည်း ၁၁ မျိုးပါပုံး၊ သောက်ရေပုံး၊ သင်ဖြူးဖျာ၊ အမျိုးသား၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်း ၁၁ မျိုးပါအိတ်၊ စောင်၊ ၁၀ လီတာဆံ့ရေပုံး၊ တာပေါ်လင်မိုးကာစသည်တို့အား အိမ်ထောင်စု ၃၃ စုမှ လူဦးရေ ၁၀၄ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **မောင်ညီညာ**

# ၂၀၂၄ ခုနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်) ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အဆိုပါဘောလုံးပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာထွန်းကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့်အသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့ဝင်များကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုရရှိကြသူများကို ငွေသားဆုနှင့် Trophy တို့ကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းစိုးအောင်ကလည်းကောင်း၊ တတိယဆုရရှိသည့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးထွန်းထွန်းဦးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား ငွေသားဆုနှင့် ဆုတံဆိပ်များကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်ကျော်ခိုင်ကလည်းကောင်း၊ ပထမဆုရရှိသည့်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင်အားကစားအသင်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

၂၀၂၄ ခုနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ်လ ၈ ရက်က စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုးပိုလာမည်

**နေပြည်တော် စက်တင်ဘာ ၈**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

# စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | ဟားခါး | ၈-၉-၂၀၂၄ | ၉.၀ | ၄၈.၂ | ၂၉-၉-၂၀၁၄ | ၉.၈ | ၄၉.၆ | ၄၄ |

(မိုး/ဇလ)



# ဥပ္ပါတသန္တိစေတီတော်ပထမဖောင်းရစ် ရွှေသင်္ကန်းကပ်လှူခြင်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ကပ်လှူခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ ဦးကြည်လွင်က ၂၀၁၄ ခုနှစ်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တတိယဖောင်းရစ်နှင့် ၂၀၁၉ ခုနှစ်တွင် ဒုတိယဖောင်းရစ်တို့ကို ရဟန်းရှင်လူပြည်သူအများ၏လှူဒါန်းမှုဖြင့် ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းခဲ့မှု၊ ၂၀၂၄ ခုနှစ်တွင် ပထမဖောင်းရစ်ဧရိယာရှိ ၃၅၅၆ ဒသမ ၇၂ စတုရန်းပေကို ၁ ပေပတ်လည် ရွှေစင်ရွှေပြား ၃၆၅၉ ချပ်ကို ရဟန်းရှင်လူပြည်သူအများ၏ လှူဒါန်းမှုဖြင့် ကပ်လှူခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်ကြီးကိုယ်လုံးထည် အချို့နေရာများ၌ ဆေးကွာနေမှုများဖြစ်ပေါ်နေသဖြင့် ရွှေဆေးများသုတ်ရန်လိုကြောင်း၊ ငြိမ်းရှိနေစဉ် စေတီတော်မြတ်ကြီး၏ ကြံ့ခိုင်မှုများကို ဂေါပကအဖွဲ့အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များဖြင့် စစ်ဆေးရန်၊ ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၁၃ ရက်က ကျင်းပခဲ့ရာ အလှူရှင် ၃၂၁ ဦးက ရွှေစင်ရွှေပြား ၆၆၈ ချပ်ကို လှူဒါန်းခဲ့ကြောင်း၊ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ၂၀၂၄ ခုနှစ် ဇွန်လ ၁၅ ရက်ကကျင်းပခဲ့ပြီး အလှူရှင် ၇၂ ဦးက ရွှေစင်ရွှေပြား ၁၉၀ ချပ်ကို လှူဒါန်းခဲ့ကြောင်း၊ စက်တင်ဘာလ ဒုတိယပတ်တွင် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ၏ သဘာဝဘေးအန္တရာယ်ကိုကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းခန်းမ၌ ကျင်းပသည့် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ၏ သဘာဝဘေးအန္တရာယ်ကိုကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝအရ အချို့သောသဘာဝဘေးအန္တရာယ်များသည် ရာသီဥတုဖြစ်စဉ်များအပေါ်မူတည်ပြီး အချိန်ကာလအလိုက် ဖြစ်ပွားလေ့ရှိသကဲ့သို့ ငလျင်ဘေးအန္တရာယ်ကဲ့သို့သော ဘေးအန္တရာယ်မျိုးမှာမူ နေရာဒေသမရွေး၊ အချိန်ကာလမရွေး၊ ကျရောက်ဖြစ်ပွားနိုင်သည့်အတွက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိထားပြီး ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်သည့် ရှောင်တိမ်းရန်နည်းလမ်းများကိုလည်း အလေ့အကျင့်ပြုလုပ်ထားရှိရန်လိုအပ်ကြောင်း ပြောကြားသည်။



ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်အရ နံနက်ပိုင်းတွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)၌ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ အမြင်အာရုံမသန်စွမ်းသူ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်အိတ်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားနေစဉ်နှင့်ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့်ဆောင်ရန်၊ ရှောင်ရန်များကိုပြောကြားခြင်း၊ ဘေးလွတ်ရာနေရာများသို့ ကြိုတင်သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း တိမ်းရှောင်ခြင်း၊ မိသားစုဆုံရပ်များသို့ သွားရောက်ခြင်းတို့ကို စိတ်ပါဝင်စားစွာ ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# မော်လမြိုင်မြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်

မော်လမြိုင် စက်တင်ဘာ ၈

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မော်လမြိုင်မြို့နယ်မှ ဆရာ၊ ဆရာမများက “ စာတတ်မြောက်ရေး လူတိုင်းအရေး” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင်ကျရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ UNESCO မှ ပေးပို့သော သဝဏ်လွှာအား မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စာသင်ကျောင်းမှ ခေါင်းလောင်းသံ ” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေနေမှုကိုလည်းကောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စာတတ်မြောက်ရေးဝိုင်းကူပေး ” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်း သံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ကျန်းမာရေးဝန်ကြီးဌာန၏ အလွတ်တန်းပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန၏ အလွတ်တန်းပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ လေ့ကျင့်ရေးခန်းမ(၃)၌ ကျင်းပပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(က)အသင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခ)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဝန်ထမ်းမိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(က)အသင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(က)အသင်းက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခ)အသင်းကို အနိုင်ရရှိပြီး ပထမဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပထမဆုရရှိသည့်အသင်းကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ဒုတိယဆုနှင့် တတိယဆုရအသင်းများကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းကို ချီးမြှင့်ငွေများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။




ကျန်းမာရေးဝန်ကြီးဌာန၏ အလွတ်တန်းပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲတွင် အောင်မြင်စွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်များစိစစ်ရွေးချယ်နိုင်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် စက်တင်ဘာလ ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းဖေ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၈

Yar Zar Min Industry Co.,ltd. မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ(၃၅)လမ်းနှင့်ကမ်းနားလမ်းထောင့်(ဂေါ်ဝိန်ဆိပ်)ရှိ ယင်းဓာတ်အားဖြည့်သွင်းရုံ ယာယီမဏ္ဍပ်၌ကျင်းပသည်။



အခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အဦများအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်သည့် (၃၅)လမ်းနှင့် ကမ်းနားလမ်းထောင့်(ဂေါ်ဝိန်ဆိပ်)နေရာ EV Charging Station သည်တစ်နိုင်ငံလုံးအနေဖြင့် အခု(၂၀)မြောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးတို့ရှိ EV Charging Station များတွင် ကားလေး ၁၀ စီး တစ်ပြိုင်နက်အားသွင်းနိုင်ပြီး ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးရှိ EV Charging Station များတွင် ကားလေး ၁၀ စီးနှင့် ဘတ်စကားလေးစီး တစ်ပြိုင်နက်အားသွင်းနိုင်ပြီဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ယခုလို EV Charging Station များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိ မြို့များတွင်လည်း လျှပ်စစ်ကားများ အသုံးပြုသွားလာနိုင်တော့မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် Yar Zar Min Industry Co.,ltd . မှ တာဝန်ရှိသူတစ်ဦးက EV Charging Station တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက Yar Zar Min EV Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦအထူးအဖွဲ့(၆)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသော တံခွန်တိုင်တိုးဂိတ်၊ အိုးထုတ္တန်းမီနီတိုးဂိတ်နှင့် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ စကားအင်းတိုးဂိတ်နှင့် သီးကုန်းတိုးဂိတ်တို့ကိုလည်းကောင်း၊ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၈၄)ရှိယာဉ်ရပ်နားစခန်းအတွင်း၌ ရာဇာမင်းကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးစီလမ်းဆုံတိုးဂိတ်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကိုထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pineapple from Yekyi Township marketable in domestic market



YEKYI September 8

Trading of pineapple in Yekyi Township of Ayeyawady Region is booming due to high demand of domestic market, said Daw Nu Nu Aye, the owner of fruit trader in Yekyi Township.

Prices of pineapple produced by Yekyi Township are still high in the domestic market as from the first week of August. It fetches Ks-90,000 per bag.

Daw Nu Nu Aye commented: "Farmers can grow pineapple plants easily. Pineapple produced by Yekyi Township is in good trading. Since the first week of August, trading of the fruit has been high at the market. So, local growers can generate incomes. Pineapple can be planted in the wet soil. It can be grown as mixed-cropp in other plantations."

Farmers in Yekyi Township grow at least five acres of pineapple in addition to paddy farms. Pineapples from Yekyi Township are quality and can be stored for many days. So, consumers prefer to buy Yekyi's pineapples. **SMK**

# Labutta Township ships 77,000 viss of crab to Yangon market



LABUTTA September 8

A total of 77,000 viss of flower crab was sent by Labutta Township of Ayeyawady Region to Yangon market, said Daw Ei Ei Htay, the owner of marine product trading in Labutta.

Local fishermen and businesspersons sent 55,000 viss of flower crabs to Yangon market in June, compared with 77,000 viss in July due to high demand of businesspersons from Yangon.

Daw Ei Ei Htay said: "Local traders from Labutta Township send marine products including flower crabs to Yangon market. We sent 77,000 viss of flower crabs to Yangon market. Currently, demand of merchants in Yangon is high to purchase flower crabs from Labutta Township. Such a demand depends on domestic market and foreign market. Hence, local fishery businesspersons and fishermen in Labutta Township earn increased income."

At present, flower crab fetches Ks-28,000 per 10 viss in Yangon Market. Thanks to high demand from Yangon market, local fishermen, those in chain of production and truck drivers are convenient in their livelihoods. **SK**

# Tamu District plants 340 acres of banana this monsoon

TAMU September 8

Statistics of Tamu District Agriculture Department stated that a total of 340 acres of croplands have been placed under banana plantations as a monsoon crop in Tamu District of Sagaing Region.

In 2024-2025 monsoon season, the district earmarked 340 acres of banna and local farmers planted banana meeting the target.

U Hla Myint, Head of Tamu District Agriculture Department said: "Local authorities planned to grow 340 acres of banana and local farmers could meet the target cultivation of banana this monsoon. They grow banana on the croplands as well as dykes of farmlands. As such, the plants are free from pests due to spraying farmlands."

This year, Myothit Township planted 77 acres of banana, Tamu Township 165 acres and Khampak 98 acres, totalling 340 acres.

Local farmers grow 1,000 saplings of banana per acre, and they cost Ks-2 million per acre and earn some Ks-5 million per acre at the harvest time.

Tamu District Agriculture Department raises farmer awareness to grow banana to be free from danger of chemical residue, use registered pesticides in a systematic manner and apply good agriculture practices. **SK**

# Wetlet Township cultivates 73,399 acres of rain-fed beans and pulses

WETLET September 8

A total of 73,399 acres of beans and pulses have been planted in Wetlet Township, Shwebo District, Sagaing Region during this year's rain crops planting season, according to Department of Agriculture for Wetlet Township.

During the 2024-2025 rain crops planting season, 73,873 acres of beans and pulses are planned to be planted in Wetlet Township, and 73,399 acres have been planted since May this year.

This year, the completion of the planting of beans and pulses in Wetlet Township is as per following: 38,524 acres of green grams, 6,021 acres of sultapya, 5,998 acres of cow peas, 22,365 acres of pigeon peas, and 491 acres of Indian beans, totaling 73,399 acres of beans and pulses. **SK**

# Construction of concrete road in Pwintbyu Township completed 100 percent

PWINTBYU September 8

Official from the Township department of rural development made a field trip to inspect the completion of concrete paving work of road in Dedaye Village in Pwintbyu Township of Magway Region this morning.

During the inspection tour, officials met with the villagers and gave necessary instructions to them.

The concrete road measuring 680 ft. in length, 12 ft. in width and six inches in volume have been constructed with Ks- 20.4 million including Ks- 15 million of DRD's funds in 2024-2025 financial year and Ks- 5.4 million contributed by local people since the second week of August. Now, all the projects have been completed 100 percent. **SMK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Myanmar plans to ship live goat, sheep to Malaysia

YANGON September 8

The Livestock Breeding and Veterinary Department will export live goat and sheep to Malaysia.

Preparing Animal Quarantine Station at Thilawa Port, approval of Malaysia's Department of Veterinary Services for AQS, and animal testing and quarantine facilities are being undertaken to export live goat and sheep to Myanmar.

The ministry has been negotiating health protocols with Malaysia to export live animals. The Veterinary Health Certificate model draft issued by Myanmar was sent to Malaysia in June and July 2024. The two countries agreed, according to the LBVD.

Exporters can process performance invoices by connecting with related governmental institutions of the respective countries.

Quarantine, where animals will be held for veterinary observations, including tests for eight diseases in line with health protocol, will be designated according to the consent of the importers. ID Ear-tag identification for sheep and goats after being vaccinated for foot and mouth disease will be carried out, the department said.

The animals will be observed for 21 days at the AQS, during which injection of foot and mouth vaccine trivalent twice, vaccination of RB 51 strain, the vaccine for worm infection and parasites, and beta-agonist test will be conducted. Only after the animals have received a health certificate can they be exported to Malaysia.

At present, Mansa Iron & Steel Fabrication & Manufacturing Co Ltd, which has completed procedures for live goat and sheep export to Malaysia, plans to export 1,500 goats where they are temporarily placed in Pyawbwe and Yamethin townships in the first batch. They aim to deliver 30,000 live goats this year, which will boost exports. Domestic livestock breeders need to enhance goat breeding on market potentials. **SK**

# Plan to store 1 million bags of Pawsanhmwe rice as rice reserve of the State

YANGON September 8

Pawsanhmwe rice will be involved in the list of rice reserve for the State, and a total of one million bag of rice will be stored, according to the Myanmar Rice Federation.

This year, the list of rice reserve for the State will include Emahta and Pawsanhmwe rice. So, the federation will increase storage of 1 million bags of rice, up from 500,000. The newly-designated rice is set for its weigh as 108 lb per bag.

President of the federation U Ye Min Aung stated: "In coming paddy season, Pawsan paddy rice will be set as the rice reserve for the State. Increasing the volume of stored rice aims to ease market instability as well as ensure convenience of people from low-income families. The federation will purchase rice for the reserved one and sell it to departmental personnel and workers from workers from private industries. At present, we sufficiently distribute Emahta rice to the people."

Setting rice reserve of the State and increased storage of rice are being implemented through collaboration of the Ministry of Commerce and the MRF in order to stabilize the rice market and sell rice to low-income families.

The Ministry of Commerce and the federation set one to three bags of rice from export of rice as the rice reserve for the State in the strategic plan.

**SMK**

# Monywa Township planted more than 1,400 acres of vegetables this monsoon

MONYWA September 8

According to the statistics of Monywa Township Agriculture Department, a total of 1,433 acres of croplands have been placed under vegetables in Monywa Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township earmarked cultivation of 9,300 acres of vegetables but local farmers planted 1,433 acres of kitchen crops against the target cultivation.

"Local farmers try their best to meet the target cultivation with growing kitchen crops on remaining croplands. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and other crops. Our department urge local farmers to use GAP system for growing all crops to be free from chemical residue and pests," said U Soe Thet Aung, head of Township Agriculture Department.

This year, Monywa Township Agriculture Department conducts training for local famers to use good agriculture practices for crops, production of healthy crops and expansion of sown acreage for kitchen crops.

At present, vegetable plantations are thriving in Monywa Township. Local farmers can earn increased incomes from sale of vegetables. Agricultural staff provide farmers with techniques of preventing pests and applying good agriculture practices.

**SK**

# Rocket with Soyuz MS-26 spacecraft installed on Baikonur launch pad ahead of ISS mission

BAIKONUR COSMODROME September 8

The Soyuz-2.1a rocket with the Soyuz MS-26 manned spacecraft, which is to deliver a crew of two Russians and one American to the International Space Station (ISS) on September 11, has been installed on the launch pad at the Baikonur Cosmodrome in Kazakhstan, a Sputnik correspondent reported.

The general assembly of the rocket with the spacecraft was completed on Friday. Early on Sunday morning, it was transported from the assembly and test building and delivered by rail to the launch pad No. 31. Subsequently, the Soyuz-2.1a rocket was brought into a vertical position with the help of the installation platform and placed on the launch pad.

The state commission is expected to decide on the rocket's readiness for fueling and grant permission for the launch on the morning of the launch day, September 11.

The main crew of the spacecraft includes Russian cosmonauts Alexey Ovchinin and Ivan Vagner, as well as American astronaut Donald Pettit. The backup crew comprises Russians Sergey Ryzhikov and Alexey Zubritsky, along with NASA astronaut Jonny Kim. The mission duration on the ISS is set to last 202 days.



Rocket with Soyuz MS-26 spacecraft installed on Baikonur launch pad ahead of ISS mission.

**Sputnik**

# Iranian President calls to move capital to Persian Gulf Coast closer to major trade routes

TEHRAN September 8

Iranian President Masoud Pezeshkian said on Saturday that the country's political and economic center should be moved south, to the coast of the Persian Gulf closer to major trade routes.

"As the capital of the country, Tehran is facing problems for which we have no solution other than to move the capital center itself,"Pezeshkian was quoted as saying by Iran's Fars news agency.

Keeping the city of Tehran located in the north of the country as the capital is becoming impossible due to a number of considerations, primarily economic, the Iranian president said.

"It is impossible to develop the country by continuing the current trend. If we want to continue bringing resources to Tehran from the south and the sea, turning them into products and sending them back to the south for export, it will be reducing our competitiveness more and more," he added.

After the new capital center is chosen, all government agencies will be relocated there, after which Tehran residents will be given the opportunity to move to the new capital as well, Pezeshkian said.

**Sputnik**

# Typhoon Yagi leaves 18 killed, 186 injured in northern Vietnam



This photo taken on September 8, 2024 shows flooded buildings in Vietnam's norhern province of Lang Son.

HANOI September 8

Since hitting northern Vietnam on Saturday afternoon, Typhoon Yagi has resulted in 18 deaths and 186 injuries, according to the country's Ministry of Agriculture and Rural Development on Sunday morning.

The fatalities caused by the typhoon, the most powerful storm to strike the region in the past 30 years, include three from the coastal province of Quang Ninh, one from the northern province of Hai Duong, one from the port city of Hai Phong, and four from the northern province of Hoa Binh.

Among the injured, 157 are from Quang Ninh, 13 from Hai Phong, 10 from Hanoi, five from Hai Duong, and one from Hoa Binh.

As of Sunday morning, 25 unmanned vessels, mainly fishing boats, in Quang Ninh were sunk by large waves and strong winds. Many areas in Quang Ninh, Hai Phong, Thai Binh, Hai Duong and Hanoi have faced blackouts as the typhoon damaged some transformers and transmission lines.

The typhoon has also wrecked nearly 3,300 houses, 121,500 hectares of rice and other crops, more than 5,000 hectares of fruit trees, and over 1,000 aquaculture cages in the northern region, the ministry said.

Natural disasters, mainly storms, landslides and floods, had left 111 people dead and missing in the Southeast Asian country since early this year until August 5, the highest number reported for the same period in five years, according to the National Steering Committee for Natural Disaster Prevention and Control.

**Xinhua**

# Israeli army detects about 50 shell launches from Lebanon

MOSCOW September 8

In the early hours of Sunday, the Israel Defence Forces (IDF) have recorded about fifty shell launches from Lebanon at northern Israel, some of the shells were shot down by air defence systems, and there is no information yet about the possible consequences of the shelling, the army said.

"Following the sirens that sounded at 5:35 in the upper Galilee, approximately 30 projectiles were identified crossing from Lebanon. The IDF Aerial Defence Array successfully intercepted several projectiles and the rest fell in open areas. No injuries were reported," the IDF reported on social media.

"Following the sirens that sounded at 00:57 and between 2:34 to 2:39 in the area of Kiryat Shmona, approximately 20 projectiles were identified crossing from Lebanon. The IDF Aerial Defence Array successfully intercepted most of the projectiles. Fallen projectiles were identified in the area. No injuries were reported," the army added.

The situation on the Israeli-Lebanese border escalated after the start of Israeli military operations in the Gaza Strip in October 2023. The Israeli army and Lebanese fighters from the Hezbollah movement daily fire at each other's positions in areas along the border. According to the Lebanese Foreign Ministry, about 100,000 people were forced to leave their homes in southern Lebanon due to shelling from Israel. The Israeli side reported that about 80,000 residents of northern Israel had found themselves in a similar situation.

**Sputnik**

# U.S. confirms new human H5 bird flu case

NEW YORK September 8

The United States has confirmed a new human case of avian influenza A ("H5 bird flu") in the state of Missouri, also the first human case without a known occupational exposure to sick or infected animals, according to the U.S. Centers for Disease Control and Prevention (CDC).

The case was identified through Missouri's seasonal flu surveillance system. The patient has underlying medical conditions, was hospitalized and treated with influenza antiviral medications before being discharged, and has recovered, according to the CDC.

This is the 14th human case of H5 reported in the United States this year, said the CDC.

Based on available data, the CDC currently assesses the risk of H5N1 to the public as low.

The CDC said that it continues to closely monitor influenza surveillance systems, particularly in affected states, and there has been no sign of unusual influenza activity in people, including in Missouri.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 12 for and since when ... ? and how long ... ?

**12.2 Look at each answer and choose the right question.**

| | | |
|---|---|---|
| 4 | How long have you been doing your course?<br>When did your course start? | September. |
| 5 | How long has Anna been in London?<br>When did Anna arrive in London? | Last week. |
| 6 | How long have you known each other?<br>When did you first meet each other? | A long time. |

**12.3 Read the situations and complete the sentences.**

1. It's raining. It's been raining since lunchtime. It started raining at lunchtime.
2. Ann and Jess are friends. They first met years ago. They've known each other for years.
3. Mark is unwell. He became ill on Sunday. He has .................................... Sunday.
4. Sarah is married. She's been married for a year. She got .................................... .
5. You have a headache. It started when you woke up.
   I've ....................................I woke up.
6. Sue is in a meeting at work. It's been going on since 9 o'clock.
   The meeting ....................................at 9 o'clock.
7. You're working in a hotel. You started working there six months ago.
   I've been .................................... .
8. Kate is learning Japanese. She's been doing this for a long time.
   Kate started .................................... .................................... .

**12.4 Complete B's sentences.**

| | A | B |
|---|---|---|
| 1 | Do you often go on holiday? | No, I haven't had a holiday for five years. |
| 2 | Have you seen Lisa recently? | No, I .................................... about a month. |
| 3 | Do you still go swimming regularly? | No, I ....................................a long time. |
| 4 | Do you still ride a bike these days? | No, I ....................................ages. |

**Now write B's answers again.** This time use **It's . . . since . . . .**

5 (1) No, it's five years since I last had a holiday.
6 (2) No, it's....................................
7 (3) No,....................................
8 (4) ....................................

## Unit 13 Present perfect and past 1 (I have done and I did)

A Study this example situation:



Tom is looking for his key. He can't find it.

He **has lost** his key. (present perfect)

This means that he doesn't have his key now.

**Raymond Murphy**

## AUTOMOBILE

# NIO ၏လျှပ်စစ်ကားက တစ်ကြိမ်အားသွင်းရုံဖြင့် ၅၅၄ မိုင်အထိသွားနိုင်ပြီး စံချိန်တင်

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီအသစ်ဖြစ်သော NIO ၏ လျှပ်စစ်ကားများသည် တစ်ကြိမ်အားသွင်းပြီးလျှင် ၅၅၄ မိုင်အထိသွားနိုင်ခြင်းဖြင့် စံချိန်တင်လိုက်နိုင်သည်။

ထိုသို့စံချိန်တင်နိုင်ခြင်းကြောင့် ကားပိုင်ရှင်များအနေဖြင့် ဘက်ထရီတစ်ခါလဲရေးအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရသည့်ဒုက္ခကိုလည်း ကင်းဝေးစေမည်ဖြစ်သည်။

NIO ကုမ္ပဏီထုတ် ကားများသည် ဘက်ထရီအားသွင်းသည့်နည်းလမ်းအစား အားပြည့်နေသည့်ဘက်ထရီနှင့် လဲလှယ်နိုင်သည့်ကားများဖြစ်သည်။

ယခုအခါ ဘက်ထရီလဲလှယ်လိုသူများအနေဖြင့် ကီလိုဝပ် ၁၅၀ စွမ်းအားရှိ ဘက်ထရီများကို လဲလှယ်နိုင်မည်ဖြစ်ပြီး ထိုဘက်ထရီများဖြင့် မိုင်ပေါင်း ၅၅၄ မိုင်အထိမောင်းနှင်နိုင်စေမည်ဖြစ်ကြောင်း NIO က ထုတ်ပြန်ထားသည်။

NIO ၏ကီလိုဝပ် ၁၅၀ ရှိဘက်ထရီများသည် စွမ်းအင်သိုလှောင်နိုင်စွမ်းပိုမိုများပြားသည့်အပြင် ဘေးကင်းလုံခြုံရေးကိုလည်းပိုမိုစိတ်ချရစေကာ ခရီးအကွာအဝေးပိုမိုသွားရောက်နိုင်ပြီး အားသွင်းရန်ကြာမြင့်ချိန်ကိုလည်း လျှော့ချပေးနိုင်စေမည်ဖြစ်သည်။

ယခင်က EV ကားဈေးကွက်တွင် တက်စလာနှင့် BYD တို့သာကြီးစိုးနေခဲ့ရာ ယခုအခါ NIO က ခရီးအကွာအဝေးပိုမိုသွားစေနိုင်မည့်ဘက်ထရီများဖြင့် EV ကားဈေးကွက်ကို ပိုမိုထိုးဖောက်ဝင်ရောက်လာပြီဖြစ်သည်။

Ref: IE

K.H




# ဗော်ဗိုက EX 60 အမျိုးအစား အလတ်စား SUV ကို ၂၀၂၆ ခုနှစ်တွင် တင်ပို့ရောင်းချမည်

ဗော်ဗိုကုမ္ပဏီက EX 60 အမျိုးအစား အလတ်စား SUV ကို ၂၀၂၆ ခုနှစ်တွင် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာလိုက်သည်။

ဗော်ဗိုက ၎င်းတို့အနေဖြင့် EV ကားအမျိုးအစားငါးမျိုးကို လာမည့်နှစ်များအတွင်းထုတ်လုပ်သွားမည်ဟု ကြေညာပြီးနောက် EX 60 က ထိုကားများအနက် ပထမဆုံးသော EV ကားဖြစ်လာမည်ဖြစ်သည့်အပြင် မျိုးဆက်သစ် SPA-3 ပလက်ဖောင်းပေါ်၌တည်ဆောက်သော ပထမဆုံးကားလည်းဖြစ်လာမည်ဖြစ်သည်။

အဆိုပါပလက်ဖောင်းသည် ဗော်ဗို၏ နည်းပညာအသစ်မဟာဗျူဟာတွင် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေကာ နောက်ပိုင်းတွင် ကားများကိုအဆင့်မြှင့်တင်ရာ၌ ဆော့ဖ်ဝဲပိုင်းမှတစ်ဆင့် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားရန် ရည်ရွယ်၍ဖန်တီးထားခြင်းဖြစ်သည်။

ဗော်ဗိုကုမ္ပဏီသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ကားများကိုသာ ရာနှုန်းပြည့်ထုတ်လုပ်သွားရန်ရည်မှန်းထားသော်လည်း ယခုအခါ ထိုရည်မှန်းချက်ကိုလျှော့ချထားသည်။ သို့သော် EV ကားများသည် အနာဂတ်အတွက် အရေးပါသောကားများ မလွဲမသွေဖြစ်လာမည်ဟူသောအချက်ကိုမူ လက်ခံယုံကြည်ထားသည်။


Ref: ArenaEV

K.H



## SCIENCE

# AI စံပြပုံစံအသစ်ကြောင့် ငလျင်ကြီးများလှုပ်မည်ကို လပေါင်းများစွာ ကြိုတင်ခန့်မှန်းနိုင်မည်



အသစ်ဖန်တီးလိုက်သည့် AI စံပြပုံစံကြောင့် မြေငလျင်လှုပ်ရှားမှုလက္ခဏာများကိုကြိုတင်ထောက်လှမ်းနိုင်ကာ ငလျင်ကြီးများလှုပ်မည်ကို လပေါင်းများစွာအလိုကတည်းက ကြိုတင်ခန့်မှန်းနိုင်စေမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောသည်။

သုတေသနပညာရှင်များသည် ပုံမှန်မဟုတ်သော မြေငလျင်လှုပ်ရှားမှုကိုကြည့်ရှုနိုင်ရေးအတွက် အချက်အလက်များကိုရှာဖွေနိုင်မည့် ပရိုဂရမ်တစ်ခုကိုရေးသားသည်။ ထိုပရိုဂရမ်ကို AI နှင့်ပေါင်းစပ်ခြင်းအားဖြင့် မြေငလျင်များလှုပ်မည်ကို ကြိုတင်ခန့်မှန်းသိရှိနိုင်စေခြင်းဖြစ်သည်။

၎င်းတို့အနေဖြင့် သုတေသနလုပ်ငန်းများလုပ်ရန် အလွန်အင်အားပြင်းသော ငလျင်ကြီးနှစ်ခုအပေါ် အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုငလျင်များမှာ ၂၀၁၈ ခုနှစ် အန်ကားရေ့ငလျင်နှင့် ၂၀၁၉ ခုနှစ် ရစ်ချခရတ်ငလျင်တို့ဖြစ်သည်။

ထို့နောက် ယင်းငလျင်ကြီးများမလှုပ်မီ သုံးလအလိုကတည်းက မြေငလျင်လှုပ်ရှားမှုလက္ခဏာများကို ၁၅ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းစီ အသီးသီးတွေ့ရှိရသည်ဟု သုတေသီများက ၎င်းတို့၏စာတမ်းတွင် ဖော်ပြထားသည်။ ယခုအခါ AI နည်းပညာက မြေငလျင်လှုပ်မှုသုတေသနအပေါ် သက်ရောက်မှုရှိလာပြီဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

Ref: STD

K.H

# မျိုးရိုးဗီဇကုထုံးအသစ်က ရှားပါးမျက်စိရောဂါများကိုကုသပေးနိုင်မည်



မျိုးရိုးဗီဇကုထုံးအသစ်က ရှားပါးမျက်စိရောဂါဝေဒနာ ခံစားနေရသူများအထူးသဖြင့် မျိုးရိုးကြောင့်ဖြစ်သည့် မျက်စိကွယ်သူများကို ကောင်းစွာကုသပေးနိုင်မည်ဖြစ်ကြောင်းတွေ့ရသည်။

ထိုသို့ မျိုးရိုးကြောင့်ဖြစ်သောမျက်စိကွယ်မှုသည် ရှားပါးရောဂါတစ်မျိုးဖြစ်ပြီး တစ်ကမ္ဘာလုံးမှာမှ အယောက်တစ်သိန်းခန့်သာရှိသည်။

ယခုစမ်းသပ်နေသော မျိုးရိုးဗီဇကုထုံးအသစ်ကိုခံယူလိုက်သည့်အခါ ထိုရောဂါခံစားနေရသူများသည် အမြင်အာရုံအဆ ၁၀၀ တိုးတက်လာသည်ကိုတွေ့ရပြီး အမြင့်ဆုံးအဆင့် ကုသမှုခံယူပြီးနောက် အဆ ၁၀၀၀၀ အထိတိုးတက်လာသည်ကိုတွေ့ရသည်။

ထိုကဲ့သို့ အဆ ၁၀၀၀၀ တိုးတက်မှုသည် လရောင်ဖြာနေသောအိမ်အပြင်ပတ်ဝန်းကျင်တွင် အရာဝတ္ထုများကိုမြင်ရသည်နှင့်အတူတူပင်ဖြစ်သည်။

Ref: IE

K.H

# အရေပြားကိုထိုးဖောက်မြင်နိုင်သည့်ဆေးရည်တစ်မျိုး ပညာရှင်များတီထွင်

အမေရိကန် သုတေသနပညာရှင်များက အရေပြားကိုထိုးဖောက်မြင်နိုင်သည့်ဆေးရည်တစ်မျိုးကို တီထွင်လိုက်နိုင်ပြီဖြစ်သည်။ အစားအစာများတွင်အသုံးပြုနိုင်သည့်ဆိုးဆေးကို ထိုအရည်တစ်မျိုးဖြင့်ပေါင်းစပ်ပြီးနောက် အစမ်းသပ်ခံကြွက်တစ်ကောင်၏အရေပြားကို သုတ်လိမ်းပေးလိုက်ရာ ကြွက်၏အတွင်းကလီစာများကိုပင်မြင်ရသည်အထိ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခုလိုအစွမ်းသတ္တိရှိသော အရည်တစ်မျိုးကိုဖန်တီးနိုင်ခြင်းကြောင့်ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်နည်းပညာကို အဆင့်မြင့်မားလာစေမည်ဖြစ်သည်။



လက်တွေ့စမ်းသပ်မှုတွင် ထိုအရည်ကို ကြွက်၏ဦးခေါင်းနှင့် ဝမ်းဗိုက်တို့ကို သုတ်လိမ်းပေးလိုက်ရာ အဆိုပါအရည်များက အရေပြားအတွင်းစိမ့်ဝင်သွားပြီးနောက် ကိုယ်တွင်းကလီစာများကို ရှင်းလင်းစွာ မြင်တွေ့ရခြင်းဖြစ်သည်။

Ref: IE

K.H

# အိန္ဒိယက Agni-4 အမြင့်ပျံဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်

**နယူးဒေလီ၊ စစ်ရေး**

အိန္ဒိယစစ်ဘက်သည် Agni-4 အမျိုးအစားတာလတ်ပစ် အမြင့်ပျံဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်သော အမြင့်ပျံဒုံးကျည်အမျိုးအစားအသစ်ကိုလည်း ဖန်တီးထုတ်လုပ်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ပြီးခဲ့တဲ့သီတင်းပတ်အကုန်တုန်းက တာလတ်ပစ်အမြင့်ပျံဒုံးကျည်တစ်စင်းဖြစ်တဲ့ Agni-4 ဒုံးကျည်ကို ချန်ဒီပူရမြို့ရှိ ပေါင်းစပ်ဒုံးစမ်းသပ်စခန်းကနေ အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့ပါတယ်။ ဒီပစ်လွှတ်မှုက စစ်ဆင်ရေးနဲ့နည်းပညာပိုင်းဆိုင်ရာ သတ်မှတ်ချက်တွေကို ပြည့်မီစေခဲ့ပါတယ်" ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိဖန်တီးနေသော ဒုံးကျည်အမျိုးအစားအသစ်မှာ Agni-6 ဖြစ်ပြီး ရေငုပ်သင်္ဘောမှနေ၍ပစ်လွှတ်နိုင်ကာ အကွာအဝေးကီလိုမီတာ ၁၀၀၀၀ အထိရောက်ရှိနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၇၀၀ အထိရောက်ရှိနိုင်သည့် Agni-1 ဒုံးကျည်၊ ကီလိုမီတာ ၂၀၀၀ အထိရောက်ရှိနိုင်သည့် Agni-2 ဒုံးကျည်၊ ကီလိုမီတာ ၂၅၀၀ အထိရောက်ရှိနိုင်သည့် Agni-3 ဒုံးကျည်၊ ကီလိုမီတာ ၃၅၀၀ အထိရောက်ရှိနိုင်သည့် Agni-4 ဒုံးကျည်နှင့် ကီလိုမီတာ ၅၀၀၀ နှင့်အထက်ရောက်ရှိနိုင်သည့် Agni-5 ဒုံးကျည်တို့ကို စစ်ဘက်တွင်တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref: Sputnik



# ယာဂီကြောင့် ဗီယက်နမ်၌ လူ ၁၈ ဦးသေဆုံးပြီး များစွာပျောက်ဆုံးနေ

**ဟန္နိုင်း၊ သဘာဝဘေး**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် တိုက်ခတ်သွားသော တိုင်ဖွန်းမုန်တိုင်းယာဂီကြောင့် အနည်းဆုံးလူ ၁၈ ဦးသေဆုံးပြီး ၁၈၆ ဦးဒဏ်ရာရရှိကြောင်းနှင့် ပင်လယ်ပြင်အတွင်း လူများစွာပျောက်ဆုံးနေဆဲဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက စက်တင်ဘာလ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်သော မုန်တိုင်းများအနက် အားအပြင်းဆုံးမုန်တိုင်းဖြစ်သည်။

ယင်းမုန်တိုင်းကြောင့် အိမ်ခြေပေါင်း ၃၃၀၀ နီးပါးအပြင် ကောက်ပဲသီးနှံစိုက်ပျိုးမြေဟက်တာ ၁၂၀၀၀၀ ကျော်၊ သစ်သီးဝလံစိုက်ပျိုးမြေဟက်တာ ၅၀၀၀ ကျော်နှင့် ငါးမွေးမြူရေးကန်ပေါင်း ၁၀၀၀ ကျော် ပျက်စီးဆုံးရှုံးသည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများပြတ်တောက်သည့်အပြင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့လည်းဖြစ်ပွားသည်။

ယာဂီမုန်တိုင်းသည် တရုတ်တောင်ပိုင်း ဟိုင်နန်ကျွန်းသို့တိုက်ခတ်ရာ လူ ၄ ဦးသေဆုံးပြီး ဖိလစ်ပိုင်တွင်တိုက်ခတ်ရာ လူ ၂၀ ဦး သေဆုံးကြောင်းနှင့် ရာပေါင်းများစွာဒဏ်ရာရရှိကြောင်း သိရသည်။

Ref: Xinhua, TST



# ထိုင်းအစိုးရက အိမ်ထောင်စုကြွေးမြီများကို ဦးစားပေးဖြေရှင်းပေးမည်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းအစိုးရအသစ်က အိမ်ထောင်စုများအနေဖြင့် ပေးရန်ရှိသည့် ကြွေးမြီပြဿနာများကို ဦးစားပေးဖြေရှင်းသွားမည်ဖြစ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုများပေးကာ စီးပွားရေးတိုးတက်မှုများရရှိစေရန် ငွေကြေးစိုက်ထုတ်မှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုများ၏ကြွေးမြီပမာဏက အမေရိကန်ဒေါ်လာ ၄၇၄ ဘီလီယံရှိကာ ကားကို အငှားယူထားသည့်သူများနှင့် အိမ်ရာချေးငွေရယူထားသူများကို ဦးစားပေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အစိုးရ၏အစီအစဉ်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်အသစ် ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ထိုအစီအစဉ်ကို စက်တင်ဘာလ ၁၂ ရက်မှသာ လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်သည်။ ငွေကြေးထောက်ပံ့မှုများကိုမူ နိုင်ငံပိုင်ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဘဏ်များနှင့် အခြားဘဏ္ဍာရေးကုမ္ပဏီများမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: BP

# သတင်းတိုကဏ္ဍ

## မြောက်ကိုရီးယားခေါင်းဆောင်က ရေတပ်အင်အားကြီးမှု၏ အရေးပါမှုကို အလေးပေးပြောကြား

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ရေတပ်စခန်းတည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုသို့ သွားရောက်စဉ် ရေတပ်အင်အားကြီးမားမှု၏အရေးပါမှုကို အလေးပေးပြောကြားခဲ့ကြောင်း KCNA သတင်းဌာနက စက်တင်ဘာလ ၈ ရက်တွင်ပြောသည်။

ထို့ပြင် စစ်သင်္ဘောများ၏လက်နက်စနစ်များ အပြည့်အဝအသုံးချနိုင်သော ရေတပ်ဆိပ်ကမ်းတစ်ခုတည်ဆောက်ရေးလိုအပ်ကြောင်းနှင့် ဆိပ်ကမ်းကိုကာကွယ်နိုင်ရေးအတွက် လေယာဉ်ပစ်လက်နက်များနှင့် ကမ်းရိုးတန်းကာကွယ်ရေးစနစ်များကိုဖြန့်ကြက်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကင်ဂျုံအွန်ကပြောသည်။

ထို့အတူ ရေတပ်စခန်းအသစ်တည်ရှိသည့်နေရာသည် နိုင်ငံ၏မဟာဗျူဟာမြောက်နေရာတစ်ခုဖြစ်ကြောင်း ကင်ဂျုံအွန်က ဆက်ပြောသည်။

အလားတူ လုပ်ငန်းတာဝန်များကို ချက်ချင်းထမ်းဆောင်နိုင်မည့်အပြင် ရေရှည်စီမံကိန်းကိုအကောင်အထည်ဖော်နိုင်ရေးအတွက် အုတ်မြစ်အဖြစ် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် အစိုးရကရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်လည်း ကင်ဂျုံအွန်ကပြောသည်။ Ref: BP

. . . . . . . . . . . . . . . . . . . . .

## လက်နောင်းမြို့၌ အဆောက်အအုံပြိုကျမှု သေဆုံးသူရှစ်ဦးအထိမြင့်တက်

အိန္ဒိယနိုင်ငံမြောက်ပိုင်း လက်နောင်းမြို့၌ အဆောက်အအုံတစ်လုံးပြိုကျမှုဖြစ်ပွားရာ သေဆုံးသူရှစ်ဦးအထိမြင့်တက်လာပြီး ထိုသူများ၏ရုပ်အလောင်းများကိုရရှိထားသည်ဟု ရဲတပ်ဖွဲ့က စက်တင်ဘာလ ၈ ရက်တွင်ပြောသည်။

ထို့ပြင် အဆောက်အအုံပြိုကျရာနေရာမှ လူအယောက် ၃၀ ဝန်းကျင်ကို ကယ်ဆယ်ထားကြောင်းနှင့် ဆေးရုံအသီးသီး၌ ကုသမှုများပေးနေကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါအဆောက်အအုံသည် သုံးထပ်ရှိပြီး စက်တင်ဘာလ ၇ ရက် ညနေပိုင်းတွင် ပြိုကျခြင်းဖြစ်သည်။ ယခုအခါ ပိတ်မိနေသူများကျန်ရစ်နေခြင်းမရှိစေရန် ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်နေကြောင်း ရဲအရာရှိတစ်ဦးဖြစ်သည့် အာမစ်ဗာမာကပြောသည်။

ထိုအဆောက်အအုံသည် သက်တမ်းအားဖြင့် ၁၅ နှစ်သာရှိသေးပြီး ဆေးဝါးလက်ကားဖြန့်ချိရေးလုပ်ဆောင်ရာနေရာဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းစဉ် ပတ်ဝန်းကျင်၌ ရေဝပ်မှုများဖြစ်ပေါ်ပြီးနောက် အဆောက်အအုံကပြိုကျလာခြင်းဖြစ်ကြောင်း သိရသည်။

Ref: TST

. . . . . . . . . . . . . . . . . . . . .

## လက်ဘနွန်ဘက်က အစ္စရေးမြောက်ပိုင်းသို့ အမြောက်များဖြင့်ပစ်ခတ်

စက်တင်ဘာလ ၈ ရက် နံနက်အစောပိုင်းတွင် လက်ဘနွန်ဘက်က အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ အမြောက်များဖြင့်ပစ်ခတ်မှုဖြစ်ပွားကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် လက်ဘနွန်ဘက်မှပစ်ခတ်လိုက်သည့် အမြောက်ဆန်အလုံး ၅၀ ခန့်ရှိကြောင်းတွေ့ရှိရပြီး ၎င်းတို့အနက်အချို့ကို ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း အစ္စရေးစစ်ဘက်ကထုတ်ပြန်ထားသည်။

ပစ်ချလိုက်နိုင်ခြင်းမရှိသော အမြောက်ဆန်များသည်လည်း လူသူလေးပါးကင်းလွတ်ရာအရပ်များသို့ ကျရောက်ပေါက်ကွဲသောကြောင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမျှမရှိကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည်။

အဆိုပါပစ်ခတ်မှုများသည် ညသန်းခေါင်ကျော် ၁၂ နာရီ ၅၇ မိနစ်၊ နံနက် ၂ နာရီ ၃၄ မိနစ်မှ ၃၉ မိနစ်ကြားနှင့် နံနက် ၅ နာရီ ၃၅ မိနစ်တို့တွင် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ အစ္စရေးနှင့်လက်ဘနွန်နိုင်ငံတို့ကြား နယ်စပ်တွင် တင်းမာမှုများမြင့်တက်နေပြီး အစ္စရေးသို့ပစ်ခတ်မှုအများစုကို ဟစ်ဇဘိုလာများကလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ Ref: Sputnik

. . . . . . . . . . . . . . . . . . . . .

## အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်သူကိုတွေ့ရှိ


အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်သူကို တွေ့ရှိကြောင်းနှင့် ထိုလူနာသည် ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေသည့် နိုင်ငံတစ်နိုင်ငံမှ ရောက်လာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၈ ရက်တွင် ပြောသည်။

အဆိုပါလူနာကို ဆေးရုံ၌သီးခြားခွဲထားကြောင်းနှင့် ၎င်း၏အခြေအနေမှာတည်ငြိမ်မှုရှိကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုဖြစ်စဉ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ထားကြောင်း၊ ထိတွေ့ဖူးသူများကို နောက်ကြောင်းရာဇဝင်လိုက်နေကြောင်းနှင့် နိုင်ငံအတွင်းပျံ့နှံ့နိုင်ခြေကိုသုံးသပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

မျောက်ကျောက်ရောဂါသည် သာမန်အားဖြင့် ပြင်းထန်ခြင်းမရှိသော်လည်း တစ်ခါတစ်ရံတွင် သေဆုံးနိုင်သည်အထိဖြစ်စေနိုင်ကြောင်းသိရသည်။ Ref: TST

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်



လွိုင်ကော် စက်တင်ဘာ ၈

ကယားပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူများက "တို့အင်တို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် "နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ပညာရည်မြင့်မားခြင်းသည် အဓိကလိုအပ်ချက်တစ်ချက်ဖြစ်ကြောင်း၊ စာပေသည် ပြည်သူများအတွက် အသိလိမ္မာသိမှီးရာ၊ ထုတ်ယူသုံးစွဲရာ ပညာဘဏ်တိုက်ကြီးလည်းဖြစ်ကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး၊ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းအဆင့်ပညာရေး ပြီးမြောက်ရေး၊ စိုက်ပျိုးရေး မွေးမြူရေး ပညာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ စာပေတတ်မှ အသိပညာ ဗဟုသုတတိုးပွားပြီး လူ့ဘောင်အဖွဲ့အစည်းလည်း တိုးတက်နိုင်မည်ဖြစ်၍ ငြိမ်းချမ်းသောကမ္ဘာသို့ ကူးပြောင်းနိုင်မည်ဖြစ်ရာ စာတတ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း" စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက ဖတ်ကြားခဲ့ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်း (Video Clip) အားပြသခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပြည်နယ်အဆင့် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ရာ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆုများ အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် လွိုင်ကော်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး အဖွင့်သီချင်းနှင့်အပိတ်သီချင်းဖြင့် သီဆိုကြသော ကျောင်းသား၊ ကျောင်းသူများအား ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ပြခန်းများနှင့် ဆုရရှိသည့် စာစီစာကုံးနှင့် ပန်းချီများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ပြည်နယ် (ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင်နှင့် ရပ်စောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်မင်းတို့ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၅၀ ဦးဖြင့် ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက်ရှိ မြို့မဘုရားကြီး ပရိဝုဏ်အတွင်းရှိ စူဠတိဿ၊ မဟာတိဿဘွဲ့အမည်ရ စေတီတော်မြတ်ကြီး ပတ်ဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၉ ရက်တွင်ကျင်းပသွားမည်



ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၉ ရက် **(ယနေ့)** မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် Winner Soccer အသင်းက Pyae Sone FC အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ MIU FC အသင်းက VUC FC အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် Winner Soccer အသင်းနှင့် MIU FCအသင်းတို့ ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် Futsal Championship ပြိုင်ပွဲတွင် ချန်ပီယံသစ်အသင်းထွက်ပေါ်လာမည်ဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် စက်တင်ဘာလ ၉ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် VUC FC အသင်းနှင့် Pyae Sone FC အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် Winner Soccer အသင်းနှင့် MIU FC အသင်းတို့ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကစားပုံများကို MFF Futsal Official Youtube တွင် တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် Winner Soccer အသင်းနှင့် MIU FC အသင်းတို့မှ အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်မည့်အသင်းအနေဖြင့် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီးတွင် ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီးတွင် ISPE အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ယခင်နှစ်များနှင့် မတူဘဲ ပုံစံပြောင်းလဲခဲ့ကာ သုံးကျော့ကစားသည့်စနစ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အပြီးတွင် ISPE အသင်းသည် ၁၂ ပွဲကစားပြီးချိန်တွင် ၁၀ ပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အပြီးတွင် ISPE အသင်းနောက်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ ပွဲကစားပြီး ကိုးပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂) နေရာတွင်လည်းကောင်း၊ ဧရာဝတီအသင်းက ၁၃ ပွဲကစားပြီး ခုနစ်ပွဲနိုင် နှစ်ပွဲသရေ လေးပွဲရှုံး ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၃)၊ မြဝတီအသင်းက ၁၃ ပွဲကစားပြီး ခြောက်ပွဲနိုင် နှစ်ပွဲသရေ ငါးပွဲရှုံး ရမှတ် ၂၀ ဖြင့် အဆင့်(၄)၊ သစ္စာအားမာန်အသင်းက ၁၃ ပွဲကစားပြီး လေးပွဲနိုင် လေးပွဲသရေ ငါးပွဲရှုံး ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၅)၊ YREO အသင်းက ၁၃ ပွဲကစားပြီး နှစ်ပွဲနိုင် တစ်ပွဲသရေ ၁၀ ပွဲရှုံး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၆)နှင့် ရှမ်းယူနိုက်တက်အသင်းက နိုင်ပွဲမရှိသေးဘဲ တစ်ပွဲသရေ ၁၂ ပွဲရှုံး ရမှတ် တစ်မှတ်ဖြင့် အဆင့်(၇)နေရာတွင် အသီးသီးရပ်တည်လျက်ရှိနေသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်များကို လာမည့်စက်တင်ဘာလ ၁၃ ရက်မှစတင်ပြီး ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

**(၂-၉-၂၀၂၄ ရက်နေ့မှအဆက်)**

ဗ

ဗ / ဗာ့ဒက်(လ)ချိုက် /

ဗ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်သုံးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဗထက်ခြိုက်ဟုခေါ်သည်။ ဗထက်ခြိုက်အက္ခရာ၏ အထက်ဘက်တွင် အခြိုက်ပါသဖြင့် ဗထက်ခြိုက်ဟုခေါ်ခြင်းဖြစ်သည်။ အက္ခရာ၏အောက်ဘက်တွင် အခြိုက်ပါသဖြင့် ဓအောက်ခြိုက်ဟုခေါ်သော အက္ခရာရှိကြောင်းလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဗထက်ချိုက်ဟုပင့်လျက်ရေးသည်။ ဝဏ္ဏဗောဓနသတ် အင်း၊ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ၊ ရတနာကြေးမုံသတ်ပုံတို့ကို အလေးဂရုပြု၍ ရရစ်ခြိုက်ဖြင့် ဗထက်ခြိုက်ဟု ပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်မည်။ မြန်မာဘာသာတွင် ဗထက်ခြိုက်ရော ဘကုန်းပါ အနက်မရှိသောဗျည်းများဖြစ်သည်။ ဗထက်ခြိုက် ဗ နှင့် ဘကုန်း ဘ ကို အသံခွဲ၍ မရွတ်ဆိုနိုင်သဖြင့် အသံဖြင့်မခွဲ အခေါ်အဝေါ်အမည်ဖြင့်ခွဲကာ ဗျည်းအက္ခရာတစ်လုံးကို အထက်တွင် အခြိုက်ပါသော ဗ - ဗထက်ခြိုက်၊ ဗျည်းတစ်လုံးသည် ကုန်းနေသော ဘ - ဘကုန်းဟု အမည်ပေးခဲ့ကြသည်။ ဗထက်ခြိုက်သည် ပဝဂ်အက္ခရာငါးလုံးတွင် တတိယဗျည်းဖြစ်သဖြင့် တတိယက္ခရာဟုဆိုသည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ သံပြင်းသံလျော့လည်းဆိုကြသည်။ ပါဠိဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာဖြစ်သည်။ နှုတ်ခမ်းဌာန်ဖြစ်အက္ခရာဟုဆိုလိုသည်။ ဃောသသိထိလဗျည်းဖြစ်သည်။ ဗထက်ခြိုက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဗထက်ခြိုက် (ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဗထက်ချိုက်ဟုရေးသည်။) အက္ခရာ၌ကား အချို့သောသူတို့သည် ဗလုံး ဟူ၍ ခေါ်ဝေါ်ကြ၏။ ထိုသို့ ခေါ်ဝေါ်ခြင်းသည်ကား ဝအက္ခရာကဲ့သို့အလုံးတွင် အထက်အဖို့ အတန်ငယ် နိမ့်ညွတ်ရှိုက်ဝင်၍ ရေးကာမျှသာ၊ လုံးသောအသွင်မဖောက်လွန်းသည်ဖြစ်၍ လည်းကောင်း၊ ပါဠိပါကန်၌ ကာရိကာရိယ၏အဖြစ်ဖြင့် ဝ နှင့် ဗ သည် အချို့သောအရာ၌ မထူးသောကြောင့်လည်းကောင်း ဗလုံးဆိုလေသည် ယူသင့်၏။ ထိုသို့သော်လည်း ဗထက်ခြိုက်ဟူသည်နှင့်အညီ အထက်၌ခြိုက်၍ ရေးသောကြောင့် အသွင်အားဖြင့် ဝ နှင့် မတူသည်ကို ဗလုံးဟူ၍ ခေါ်ဝေါ်ခြင်းသည် အသွင်မလုံးသောကြောင့် သင့်နိုးအံ့မထင်” ဟူ၍ ရှင်းပြထားပါသည်။

**ဗထက်ခြိုက်သည်** စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

ဘ

ဘ / ဗာ့ဂုန်း /

ဘ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်လေးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဘကုန်းဟု ခေါ်သည်။ ဘ အက္ခရာတွင် နောက်ကအဖို့ ကုန်းသည့်သဏ္ဌာန်ကြောင့် ဘကုန်းဟုခေါ်ခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ဗထက်ခြိုက်ရော ဘကုန်းပါ အနက်မရှိပေ။ ထို့ပြင် ဗထက်ခြိုက်နှင့် ဘကုန်းကိုလည်း အသံခွဲခြား မရွတ်ဆိုနိုင်ကြပါ။ ထို့ကြောင့် အက္ခရာတစ်လုံးကို ဗထက်ခြိုက်၊ တစ်လုံးကို ဘကုန်းဟူ၍ အသွင်သဏ္ဌာန်အလိုက် အမည်နာမခွဲခြား မှတ်သားကြသည်။ ပါဠိဘာသာတွင် ဘကုန်းသည် ဃောသဓနိတ-သံထင်သံတင်းဖြစ်သော်လည်း မြန်မာဘာသာတွင် ဗထက်ခြိုက် အသံနှင့်အတူပင် ဃောသသိထိလ - သံထင်သံလျော့ ဖြစ်နေပေသည်။ ဌာန်အားဖြင့်မူ ဘကုန်းသည် ပါဠိဘာသာ မြန်မာဘာသာ နှစ်မျိုးလုံးပင် ဩဋ္ဌဌာန် - နှုတ်ခမ်းအရပ်ဖြစ်သည်။ ထို့ကြောင့် ဘကုန်းသည် ဩဋ္ဌဇအက္ခရာ နှုတ်ခမ်းဌာန်ဖြစ် အက္ခရာဟုဆိုသည်။ ပ ဖ ဗ ဘ မ ဟူသော ပဝဂ်အက္ခရာ ငါးလုံးတွင် စတုတ္ထအက္ခရာဖြစ်သည်။ ထို့ကြောင့် ဘကုန်းကို ပဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ ဘကုန်းနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဘကုန်းအက္ခရာ၌သံယုဂ်ရှိမဲ့မထူး။ နောက်အဖို့ ကုန်းသည်ကို စွဲ၍ ဘကုန်း ဆိုသည် ယူသင့်၏။ ယင်း သို့သော် တဝမ်းပူအက္ခရာလည်း ဤကဲ့သို့ နောက်အဖို့ကုန်းပါတကား ဟူအံ့။ ထိုတဝမ်းပူ၌ အမည်ထူးရပြီးဖြစ်၍ ဘကုန်းဟူသောအမည်ဖြင့်မမှတ်ပြီဟု ဆိုသင့်၏”ဟု ရှင်းပြထားပါသည်။

**ဘကုန်းသည်** စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

မ

မ / မာ့ /

မ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ငါးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ သီးခြားအမည်မရှိ။ မဟုပင်ခေါ်သည်။ ပဝဂ်ဗျည်း ငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် မကိုပဝဂ်၏ပဉ္စမက္ခရာဟုဆိုသည်။ ပဝဂ်၏အဆုံးဗျည်းဖြစ်သောကြောင့် ဝဂ္ဂန္တဗျည်းဟုလည်းဆိုသည်။ ဃောသသိထိလဖြစ်သည်။ သံထင်သံလျော့ဖြစ်သည်။ သံပြင်းသံလျော့ဟုလည်းဆိုကြသည်။ ဩဋ္ဌဇဗျည်း နှုတ်ခမ်းဌာန်ဖြစ်ဗျည်းဖြစ်သည်။ သို့ရာတွင် နှာခေါင်းတွင်းမှ လေထွက်မှု ထင်ရှားသောကြောင့် နိဂ္ဂဟိတ်ဗျည်းဟုလည်း ခေါ်သည်။ နှုတ်ခမ်းဌာန်နှင့် နှာခေါင်းဌာန် (ဩဋ္ဌဌာန်နှင့် နာသာဌာန်) နှစ်ဌာန်ပြိုင်ဖြစ်သဖြင့် ဒွိဇဗျည်းဟုလည်း ဆိုသည်။ မနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “မ အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့အထူးမထင်။ ထိုတွင် အချို့သောသူတို့သည် မ - လိမ်ဟူ၍ ဆွဲကုန်၏။ ထို မ လိမ်ကိုကား ထုံးစံသဘောမထင်။ ပါဠိပါကန်၌ကား သွမ၊ သွိ၊ သို့ ဟူသော ဝိဘတ်၌လည်း အထူးမပြုပြင်ရသောကြောင့် မ အက္ခရာ ဆွဲသော်လည်း မသင့်မဆိုသာ” ဟုရှင်းပြထားပါသည်။

**မ သည်** စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ယ

ယ / ယာ့ပက်လက် /


ယသည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ခြောက်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ယပက်လက်ဟုခေါ်သည်။ ယင်းဗျည်း၏သဏ္ဌာန်မှာ ပက်လက်လန်နေသော အသွင်ရှိသောကြောင့် ပက်လက်လန်နေသော ယ၊ ယပက်လက် ဟု ခေါ်ခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ယ ဟုပင် အသံထွက်သော အခြားအက္ခရာတစ်လုံးမှာ ရကောက်ဖြစ်သည်။ အကောက်အကွေးဖြစ်သော ရကောက်နှင့် ကွဲပြားခြားနားစေရန်လည်းဖြစ်သည်။ တစ်နည်းလည်း ယပက်လက်နှင့် ရကောက်ကို ခွဲခြားမှတ်သားလိုသောအခါ ယပက်လက်ကို ယငယ်၊ ရကောက်ကို ရကြီးဟုဆိုကြသည်။ မြန်မာဘာသာ ဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် က မှ င အထိကို ကဝဂ်ဗျည်း၊ စ မှ ည အထိကို စဝဂ်ဗျည်း၊ ဋ မှ ဏ အထိကို ဋဝဂ်ဗျည်း၊ တ မှ န အထိကို တဝဂ်ဗျည်း၊ ပ မှ မ အထိကို ပဝဂ်ဗျည်းဟူ၍ ဝဂ်အားဖြင့် ငါးဝဂ်၊ ဝဂ်ဗျည်းအားဖြင့် က မှ မ အထိ နှစ်ဆယ့်ငါးလုံး သတ်မှတ်ထားသည်။ ကျန်ဗျည်းရှစ်လုံးမှာ အစုဖွဲ့၍ မရ၊ ဝဂ်ဖွဲ့၍ မရသဖြင့် အဝဂ်ဗျည်းများဟုခေါ်သည်။ ယပက်လက်သည် အဝဂ်ဗျည်းတစ်လုံးဖြစ်သည်။ ဃောသဗျည်းဖြစ်သည်။ သံထင်ဟုလည်းကောင်း၊ သံပြင်းဟုလည်းကောင်းခေါ်ကြသည်။ ယပက်လက်၏ အသံဖြစ်ရာဌာန်သည် အာခေါင်မာဖြစ်သည်။ အာစောက်ဟုလည်းခေါ်သည်။ ယပက်လက်တွင် ဗျည်း၏ သတ္တိရော၊ သရ၏သတ္တိပါရှိသည်။ ထို့ကြောင့် ယပက်လက်သည် ဗျည်းတစ်ပိုင်း သရတစ်ပိုင်း အက္ခရာဖြစ်သည်။ သရရွေ့အက္ခရာဟုလည်း ခေါ်သည်။ ယပက်လက်ကို သံယုဂ်ဗျည်းအဖြစ် သုံးသောအခါ ယပက်လက်အသွင်ဖောက်၍ ယပင့် ( -ျ ) အသွင်ပြောင်းသည်။ ထိုအခါမျိုးတွင် ယပက်လက်သည် သရတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ မိမိယှဉ်ရမည့်ဗျည်းကို အောက်ကပင့်သောကြောင့် ယပင့်ဟုခေါ်သည်။ ယပက်လက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ယ အက္ခရာ၌ကား သံယုဂ်ဖြစ်ရာ အောက်၌တည်သော ယ သည် အသွင်ဖောက်သည်သာများ၏။ ထိုသို့ဖောက်ရာ၌ ယပင့်သည် ဟူ၍လည်းခေါ်ဝေါ်ကုန်၏။ ထိုယပင့်အသွင်ရေးလိုရင်းကား အထက်၌တည်သော၊ ပင့်အပ်သော ဗျည်း၏အောက်အဖို့၌ ဆင့်၏သို့ ရေးပြီးလျှင် ယ ၏ နောက်အစွန်းကို နောက်သရနှင့် စပ်သာအောင် အထက်သို့ပင့်၍ အထက်ဗျည်း၏အဖို့ အတန်ငယ်ကွာစေလျက် ထိုအထက်ဗျည်းနှင့် အထက်အပြင် မျှရုံပင့်လို၏။ ထိုသို့ပင့်လိုသည်ကို အောက်၌ ယဆွဲ၏သို့ မရေး၊ ယ ၏ အသွင်အရိပ်၊ အကွေးအညွတ်မထင်စေဘဲ ဇကွဲ၏ အောက်၌ဆွဲသော စျမြင်ဆွဲ (စျမျဉ်းဆွဲ)အက္ခရာ၌ ပင့်၏သို့ ပင့်ကုန်၏။ ထိုမျှသာမက အထက်ဗျည်း၏ အောက်အစွန်းမှတစ်ကြောင်း၊ အတန်ငယ်နောက်သို့ ခြား၍ တစ်ကြောင်း နှစ်ကြောင်း အောက်သို့ငင်၍ ရေးကုန်၏။ ထိုသို့ရေးသော်လည်း သိသာပြီဖြစ်၍ မသင့်မဆိုသာသည် ဖြစ်၏။ ထိုသို့သော်လည်း သဘောရင်းကို လူပြိန်းတို့သိစေခြင်းငှာ ဆိုလိုက်သည်”ဟု ရှင်းပြထားပါသည်။

**ယပက်လက်သည်** စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်ကြီး၌ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွန်း ဦးဆောင်၍ တိုင်းတပ်ဖွဲ့မှူးရုံး၊ တိုင်းအကူရဲတပ်ဖွဲ့ခွဲ၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၅၄ ဦးက သန့်ရှင်းရေးဆောင်ရွက်စဉ်။

(၄၀၁)၊ တင်စိုး(ပဲခူး)



## ထူးခြားသည့်နေ့အပူချိန်များ

၈-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကလေးဝ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၌ (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပြီးစီးသွားသည့်အခါ ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးစခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်တာဝန်ရှိသူများကအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့်(၁၀-၁၅) အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအက၊ အခြေခံပညာအဆင့်(၁၅-၂၀) အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအက၊ အဆင့်မြင့်ပညာအမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအက၊ အဆိုပြိုင်ပွဲတွင် အခြေခံပညာ(၁၀-၁၅) အမျိုးသား၊ အမျိုးသမီး၊ အခြေခံပညာ(၁၅-၂၀) အမျိုးသား၊ အမျိုးသမီး၊ အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီး၊ ဝါသနာရှင်ပထမတန်း၊ ဒုတိယတန်း အမျိုးသား၊ အမျိုးသမီး၊ မဟာဂီတ၊ ခေတ်ဟောင်း/ ကာလပေါ်၊ အခြေခံပညာ(၁၀-၁၅) အမျိုးသား၊ အမျိုးသမီး၊ အခြေခံပညာ(၁၅-၂၀) အမျိုးသား၊ အမျိုးသမီး၊ အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီး၊ ဝါသနာရှင်ပထမတန်း၊ ဒုတိယတန်းအမျိုးသား၊ အမျိုးသမီး၊ အမျိုးဂုဏ်/ ဇာတိဂုဏ်ပြိုင်ပွဲတွင် အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီး၊ ဝါသနာရှင် ဒုတိယတန်း အမျိုးသား၊ အမျိုးသမီး၊ အတီးပြိုင်ပွဲတွင် ဆိုင်းတစ်ဦးချင်း၊ စောင်း၊ ပတ္တလား၊ နှဲ၊ စန္ဒရား၊ တယော၊ ကွက်စိပ်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ကဗျာလွတ်အက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲများနှင့် အရေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို စက်တင်ဘာလ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပြိုင်ပွဲဝင် ၄၂ ဦး၊ အကပြိုင်ပွဲဝင် ၁၈ ဦး၊ အရေးပြိုင်ပွဲဝင်ခြောက်ဦး၊ အတီးပြိုင်ပွဲဝင် ၇၀ ဦး၊ ကွက်စိပ်ပြိုင်ပွဲဝင် တစ်ဦး၊ ကဗျာလွတ် ၃၆ ဦး၊ ကျေးလက်ရိုးရာအက ၁၈ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၁၉၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကိုင်းခရိုင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၆ | မေတ္တာပို့ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၈:၂၀ | ရှေးဟောင်းသုတ |
| ၆။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈။ | ၁၀:၃၅ | သီချင်းလက်ဆောင် |
| ၉။ | ၁၀:၄၅ | Liked |
| ၁၀။ | ၁၂:၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၁။ | ၁၄:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း (၇-စနာရီ)(Rep)** |
| ၁၂။ | ၁၉:၀၀ | **(၁၉၉၅)ခုနှစ်၊ မြဝတီ အငြိမ့်ပြိုင်ပွဲ (ပထမဆု) မြနန်းရောအငြိမ့် (အနောက်တောင်တိုင်း စစ်ဌာနချုပ်)၊ (ပထမပိုင်း)** |

# မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မင်းကင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မင်းကင်းမြို့နယ်၌ ပဲစင်းငုံဧက ၂၂၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၂၂၇၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မင်းကင်းမြို့နယ်မှာ ပဲစင်းငုံသီးနှံ ၂၂၆၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ အခုလက်ရှိ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပိုစိုက်ပျိုးနိုင်တယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

ယခုနှစ် မင်းကင်းမြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

မင်းကင်းမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေသြဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့်ယူရီးယားနှင့်လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၄၀၉)



**ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင်ကျရောက်မည့်( ၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် တပ်ဖွဲ့စိတ်မှူးရဲအုပ်ဝင်းညွှန့်ဦး ဦးဆောင်၍ အဖွဲ့ဝင်များက စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ကလောမြို့ရှိအများပြည်သူသွားလာသည့် မင်းလမ်းမကြီးဘေး၌ "ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား " ဆိုင်းဘုတ်ပိုစတာစိုက်ထူပွဲ အခမ်းအနားကျင်းပနေမှုကိုတွေ့ရစဉ်။** ကျော်ဝင်း(ကလော)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်မြို့၌ပြေးဆွဲနေသည့် YBS ယာဉ်များအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်သွားလာစေရေး ကြပ်မတ်ဆောင်ရွက်နေ




ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့၌ပြေးဆွဲနေသည့် YBS ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်သွားလာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

နေ့စဉ် YRTC မှစစ်ဆေးရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် လမ်းကြောင်းကြီး ၁၀ ကြောင်းပေါ်တွင် YBS ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်သွားလာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး YRTC စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှလည်း မှတ်တိုင် ၁၆ ခုတွင် စစ်ဆေးရေးဝန်ထမ်းများဖြင့် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး၊ ယာဉ်များနှစ်ထပ်ရပ်တန့်မှုမရှိစေရေး၊ ယှဉ်ပြိုင်ကျော်တက်၊ မဆင်မခြင်မောင်း၊ ဘေးတံခါးဖွင့်မောင်းနှင်မှုမရှိစေရေး၊ ယာဉ်များ မှတ်တိုင်တွင်စနစ်တကျရပ်တန့်မှုရှိစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

YRTC သို့ Yangon Traffic Control Center မှပေးပို့လာသော မီးနီဖြတ်မောင်းနှင်သည့် YBS ယာဉ်များအား ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှစ၍လည်းကောင်း၊ YRTC စီမံမှုအောက်ရှိ Yangon Bus Operator(YBO) မှ YBS ယာဉ်မောင်းများအား စောင့်ကြည့်ထိန်းချုပ်လျက်ရှိရာ အရှိန်ပြင်းစွာမောင်းနှင်သည့် YBS ယာဉ်များနှင့် သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်းမရှိသည့် YBS ယာဉ်များအား ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်မှစ၍လည်းကောင်း၊ တစ်စီးနှင့်တစ်စီးယှဉ်ပြိုင်ကျော်တက်မောင်းနှင်သည့် ယာဉ်များအား နည်းပညာအသုံးပြု၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လ ၂၃ ရက်အထိကာလအတွင်း မီးနီဖြတ်မောင်းနှင်မှု ၃၁၈ ကြိမ်၊ သတ်မှတ်ကီလိုမီတာအထက် ကျော်လွန်မောင်းနှင်မှု ၁၈၆၁ ကြိမ်၊ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခြင်းမရှိမှု ၃၇၃ ကြိမ် ဖြစ်ပွားခဲ့သည့်အတွက် အဆိုပါယာဉ်မောင်းများကို အရေးယူဆောင်ရွက်ခဲ့ပြီး YRTC မှကြီးမှူးဖွင့်လှစ်သည့် YBS ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးပွဲတွင် စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်း ၁၂၉၆ ဦးအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ကျင်းပ

ထားဝယ် စက်တင်ဘာ ၈

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၇ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများနှင့် လေထုအရည်အသွေးတိုးတက်ကောင်းမွန်လာစေမည့် ဖြေရှင်းနည်းများကို ဒေသခံများ ပိုမိုသိရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းဌေးက သန့်ရှင်းလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသူများကို အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ဗီဒီယိုပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မေးခွန်းများမေးမြန်းရာတွင် ဖြေကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ဂန့်ဂေါမြို့နယ်၌ မိုးရာသီချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ဂန့်ဂေါ စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြည်သူ့အားကစားကွင်း၌ မိုးရာသီချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အမှတ်(၂) ရပ်ကွက်အသင်းနှင့် အမှတ်(၃) ရပ်ကွက်အသင်းတို့ယှဉ်ပြိုင်ကြရာ အမှတ်(၂) ရပ်ကွက်အသင်းက အမှတ်(၃)ရပ်ကွက်အသင်းကို ၃ ဂိုး -၂ ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးက ပထမဆုရရှိသည့် အမှတ်(၂) ရပ်ကွက်အသင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ဒုတိယဆုရရှိသည့် အမှတ်(၃)ရပ်ကွက်အသင်း၊ မြို့မိမြို့ဖ ဦးလွင်ဦးက တတိယဆုရရှိသည့် မြောက်ကုန်းအသင်း၊ မြို့မိမြို့ဖ ဦးဌေးလွင်က စတုတ္ထဆုရရှိသည့်အသင်း၊ မြို့နယ်အားကစားမှူး ဦးဌေးမင်းက နှစ်သိမ့်ဆုရရှိသည့်အသင်းများနှင့် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြို့နယ်အဆင့် မိုးရာသီချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို အသင်းခုနစ်သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမဆုကို ဆုဖလား၊ ရွှေတံဆိပ်ဆုနှင့် ဆုငွေ ငွေကျပ် ငါးသိန်း၊ ဒုတိယဆုကို ငွေတံဆိပ်ဆုနှင့် ဆုငွေ ငွေကျပ် သုံးသိန်း၊ တတိယဆုကို ကြေးတံဆိပ်ဆုနှင့် ဆုငွေ ငွေကျပ် နှစ်သိန်း၊ စတုတ္ထဆုကို ဆုငွေ ငွေကျပ် တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆုများကို ဆုငွေ ငွေကျပ် တစ်သိန်း၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုများကိုလည်း တစ်ဆုလျှင် ဆုတံဆိပ်နှင့် ဆုငွေ ငွေကျပ် ငါးသောင်းပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

# ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ဆိုလာစွမ်းအင်သုံးရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

ကျောက်တံခါး စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟာရီးကျေးရွာအုပ်စု ဆူးပဒါးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ဆူးပဒါးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် သန့်ရှင်းသောသောက်သုံးရေ စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ရေသန့်စင်စက်ကို တပ်ဆင်ဆောင်ရွက်ပေးခြင်း ဖြစ်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ဆူးပဒါးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ဘီးလမ်းနှစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို VDP ရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃၁ သိန်းခုနစ်သောင်း၊ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်၊ သိပ္ပံဘွဲ့(သစ်တောပညာ) B. Sc Forestry ၊ (၄)နှစ်သင်တန်းသို့ တက်ရောက်သင်ကြားခွင့်ရရှိရန်အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကို ၈၀:၂၀ ဖြင့်လက်ခံမည်။ စုစုပေါင်း(၈၀)ဦးလက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်–

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS – 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၀ မှတ်နှင့်အထက်ရရှိသူဖြစ်ရမည်၊

( ဂ ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဘာသာရပ်များနှင့်ပတ်သက်၍ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်၊

(ဃ) တက္ကသိုလ်မှချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ ပထမဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့်(A–4 Size)စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

( ခ ) ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

( ဂ ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းသို့မဟုတ် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊

( င ) လိုင်စင်ဓာတ်ပုံ ၄ ပုံ။

၆။ လျှောက်လွှာကို စာပိုဒ်အမှတ်(၅)ပါအထောက်အထားများနှင့်အတူ ၄–၁၀–၂၀၂၄ ရက်(သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာနခွဲ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁(သို့မဟုတ်) Email လိပ်စာ ufes.registrar@gmail.com သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဖုန်း–၀၆၇၃၄၁၆၆၈၁ (သို့မဟုတ်)၀၆၇၃၄၁၆၅၁၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Website ဖြစ်သော https:// www.monrec.gov.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

### လျှောက်လွှာသတ်မှတ်ပုံစံ
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

လိုင်စင်ဓာတ်ပုံ ကပ်ရန်

၁။ အမည်(အပြည့်အစုံ) ---------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------

၃။ လူမျိုး -------------------- ၄။ ကိုးကွယ်သည့်ဘာသာ ----------------

၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) ----------------

၆။ အဖအမည်------------------ အလုပ်အကိုင်/ ရာထူး/ ဌာန ----------------

နေရပ်လိပ်စာ ------------------ ဖုန်းနံပါတ် ---------------------------

အမိအမည်------------------ အလုပ်အကိုင်/ ရာထူး/ ဌာန ----------------

နေရပ်လိပ်စာ ------------------ ဖုန်းနံပါတ် ---------------------------

၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် -------------- ခုနှစ် -------------

စာစစ်ဌာန ---------------------------------------------------------

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ဆက်သွယ်ရန်လိပ်စာ ---------------------------------

---------------------------------------------------------------

ဖုန်းနံပါတ် ------------------ Email ---------------------------------

၉။ **ဝန်ခံချက်**

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါကြောင်း တာဝန်ယူဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

| မိဘ/ အုပ်ထိန်းသူ | | ဝင်ခွင့်လျှောက်ထားသူ | |
|---|---|---|---|
| လက်မှတ် | ------------------------ | လက်မှတ် | ------------------------ |
| အမည် | ------------------------ | အမည် | ------------------------ |
| ရက်စွဲ | ------------------------ | ရက်စွဲ | ------------------------ |

### ပျောက်ဆုံးကြောင်း

ရွှေဘိုမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ထွန်းထွန်းနိုင်(ဘ)ဦးကျော်ညွန့် ၅/ ခဥန(နိုင်)၀၆၆၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 465799) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၀၇၄၁၅၆၂




### မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့်ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် သက်တမ်းတိုးမြှင့်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်–လုပ်ငန်းဆောင်ရွက်–လွှဲပြောင်း ၊ Built–Operate–Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများအားဖြည့်ဆောင်ရွက်သွားရန်အတွက် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest–EOI) အား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy (Word file)များဖြင့် (၂–၉–၂၀၂၄)ရက်နေ့၊ ညနေ(၄:၀၀) နာရီနောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ကြောင်း ကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်နိုင်စေရန်အတွက် (Expression of Interest–EOI) ဖိတ်ခေါ်ခြင်းအား (၂–၁၀–၂၀၂၄)ရက်နေ့၊ ညနေ(၄:၀၀)နာရီနောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ကြောင်းပြင်ဆင်ထုတ်ပြန်အပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**




### မိခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁)၊ Grade–12 မှ မောင်ရဲဖုန်းသန့်၏မိခင်အမည်မှန်မှာ ဒေါ်ခိုင်ဇာအောင်ဖြစ်ပါကြောင်း။

ဒေါ်ခိုင်ဇာအောင်

### ပျောက်ဆုံးကြောင်း

မရင်လှိုင်(ဘ)ဦးထွန်းရှိန် ၁၀/မဒန(နိုင်) ၀၆၉၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၇၀၅၁၂၉၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာထွေးနှင့်ဒေါ်စန္ဒာဝင်း ၁၃/ကလန(နိုင်)၀၅၄၅၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စန္ဒာထွေး(ခ)ဒေါ်စန္ဒာဝင်း

### ပျောက်ဆုံးကြောင်း

လှိုင်လှိုင်နွယ်(ဘ)ဦးလုံး ၈/ကဝန(နိုင်) ၁၄၇၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၄၄၁၃၅၂၉

### ပျောက်ဆုံးကြောင်း

ဆုရည်ဝင်းထက်(ဘ)ဦးဝင်းမြင့် ၁၄/ကပန (နိုင်)၂၉၆၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၀၈၇၂၆၅၅

### ပျောက်ဆုံးကြောင်း

သင်းသင်းမော်(ဘ)ဦးချမ်းမြ ၇/ညလပ(နိုင်) ၂၀၃၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဦးဌေးနိုင်(ဘ)ဦးကြင် ၇/ညလပ(နိုင်) ၁၅၁၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မြတ်သူ(ဘ)ဦးမြင့်စိန် ၁၂/ဒပန(နိုင်) ၀၅၀၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၅၄၈၇၇၄၉

### ပျောက်ဆုံးကြောင်း

သင်းသင်းခိုင်(ဘ)ဦးတင်ရွှေ ၇/ဝမန(နိုင်) ၁၂၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ခိုင်ဇော်ဦး(ဘ)ဦးမြင့်မောင် ၈/တတက(နိုင်) ၂၈၁၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### က ပျောက်ဆုံးကြောင်း

ဟန်မျိုးဦး(ဘ)ဦးညွန့်ရွှေ ၉/သေရ(နိုင်) ၀၀၀၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 876386)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ (အထက)ပန်းတင်၊ Grade–11 မှ မယမင်းဝေ၏ဖခင်အမည်မှန်မှာ ဦးကျော်သန်းနိုင် ၇/ ကပက(နိုင်)၀၁၁၁၆၇ ဖြစ်ပါကြောင်း။

ဦးကျော်သန်းနိုင်

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း

ဝိုင်းဝိုင်းလည်(ဘ)ဦးတင်အောင်မိုး ၈/တတက(နိုင်)၁၆၆၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 078483)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၄၇၃၃၁၅၇

# ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးသွင်းယူပြီး နှစ်ပွဲဆက်ရှုံးနိမ့်သည့် မှတ်တမ်းဆိုးကို ပြင်သစ်အသင်းပြန်လည်ရရှိ



ပဲရစ် စက်တင်ဘာ ၈

ပြင်သစ်အသင်းသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် အီတလီအသင်းနှင့် ပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်း တစ်လျှောက် ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် နှစ်ပွဲဆက်ရှုံးနိမ့်သည့် မှတ်တမ်းဆိုးကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းက အီတလီအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်သည့်ပွဲစဉ်၌ ပြင်သစ်အသင်းသည် ပွဲချိန် ၁၂ စက္ကန့်တွင် သွင်းယူသည့် ဘာကိုလာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၃၀ တွင် ဒီမာကို၊ ပွဲချိန် ၅၁ မိနစ်တွင် ဖရာတီစီနှင့် ပွဲချိန် ၇၄ မိနစ်တွင် ရာစပါဒိုရီတို့၏သွင်းဂိုးများကြောင့် ၃ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီး ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးသွင်းယူကာ နှစ်ပွဲဆက်ရှုံးနိမ့်သည့်မှတ်တမ်းဆိုးကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် စပိန်အသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ကိုးမိနစ်တွင်ပင် မူအာနီက ပြင်သစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၁ မိနစ်တွင် ယာမယ်က ချေပဂိုးနှင့် ပွဲချိန် ၂၅ မိနစ်တွင် အိုလ်မိုက စပိန်အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီး အီတလီအသင်းနှင့်ပွဲစဉ်တွင်လည်း ဦးဆောင်ဂိုးသွင်းယူပြီးမှ ရှုံးနိမ့်သည့်အတွက် ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးသွင်းယူနိုင်ပြီး နှစ်ပွဲဆက်ရှုံးနိမ့်ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုးသွင်းယူပြီး နှစ်ပွဲဆက်ရှုံးနိမ့်ခြင်းမရှိဘဲ ယခုအခါမှသာ ပထမဆုံးတွေ့ကြုံခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းအနေဖြင့် အီတလီအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီး မှတ်တမ်းဆိုးကိုရရှိခဲ့သော်လည်း ပြင်သစ်အသင်းအတွက် ပွဲချိန် ၁၂ စက္ကန့်တွင် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဘာကိုလာသည် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကာ အသင်းနှင့်အတူ ခြောက်ပွဲကစားပြီး ပထမဆုံး သွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***Ref;Goal.com***

# ခံစစ်ကစားသမား ကယ်လာဖီအိုရီ ဒဏ်ရာမပြင်းထန်ကြောင်း အာဆင်နယ်အသင်းအတည်ပြု

လန်ဒန် စက်တင်ဘာ ၈

အာဆင်နယ်အသင်းက ခံစစ်ကစားသမား ကယ်လာဖီအိုရီအနေဖြင့် ဒဏ်ရာမပြင်းထန်သည့်အတွက် အသင်းနှင့်ပွဲစဉ်များကို ကစားနိုင်မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၂၂ နှစ်အရွယ် ကယ်လာဖီအိုရီသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဘိုလေ့ဂ်နာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် အဓိကကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

ကယ်လာဖီအိုရီသည် ယခုရက်သတ္တပတ်အတွင်း ကျင်းပလျက်ရှိသည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအတွက် အီတလီအသင်းနှင့်သွားရောက်ပူးပေါင်းခဲ့ရာ အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ညို့သကျည်းဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသည်။

ကယ်လာဖီအိုရီ၏ဒဏ်ရာနှင့်ပတ်သက်ပြီး အီတလီအသင်းက စစ်ဆေးမှုများပြုလုပ်ပြီးနောက် ဒဏ်ရာမပြင်းထန်ကြောင်းနှင့် ရက်ပိုင်းအနည်းငယ်အနားယူပြီးလျှင် ကွင်းခိုင်မှုပြန်လည်ပြည့်ဝမည်ဟု အာဆင်နယ်အသင်းထံ အီတလီအသင်းက အသိပေးအကြောင်းကြားခဲ့သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

***Ref;ESPN***

# အသင်းတိုက်စစ်ပိုင်းအတွက် ဂရင်းဝုဒ်ကိုခေါ်ယူရန် အစီအစဉ်မရှိကြောင်း အင်္ဂလန်အသင်းယာယီနည်းပြ လီကာစလေ ထုတ်ပြန်ကြေညာ

လန်ဒန် စက်တင်ဘာ ၈

အင်္ဂလန်အသင်းယာယီနည်းပြ လီကာစလေက အသင်းတိုက်စစ်ပိုင်းအတွက် ဂရင်းဝုဒ်ကို ခေါ်ယူရန် အစီအစဉ်မရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ဂရင်းဝုဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းမှ ဂီတာဖေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားခဲ့ရာတွင် ခြေစွမ်းပြကစားနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ မာဆေးလ်အသင်းထံ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း မာဆေးလ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ သွင်းဂိုးများသွင်းယူနေသော်လည်း နည်းပြလီကာစလေက လက်ရှိ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲဝင် အင်္ဂလန်အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းကစားသမားစာရင်းမှ လူငယ်တိုက်စစ်ကစားသမားများဖြစ်သည့် ဝက်စ်ကင်နှင့် ကိုးလ်ပယ်မာတို့နုတ်ထွက်ခဲ့ကြသော်လည်း နည်းပြလီကာစလေက ၎င်းတို့နေရာ၌ ကစားသမားသစ်အစားထိုးခေါ်ယူမှုမပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ လီကာစလေက "ဂရင်းဝုဒ်က ကျွန်တော်ခေါ်ယူမယ့်ကစားသမားစာရင်းထဲမှာ မပါသေးပါဘူး။ သူ မာဆေးလ်အသင်းမှာ စွမ်းဆောင်ပြနေတာ ကျွန်တော်တို့သတိထားမိပါတယ်။ ဒါပေမဲ့ သူ့ကို အင်္ဂလန်အသင်းအတွက် ခေါ်ယူဖို့တော့အစီအစဉ်မရှိပါဘူး" ဟု သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီတွင် မာဆေးလ်အသင်းနှင့် သုံးပွဲကစားထားပြီး ငါးဂိုးသွင်းယူထားကြောင်း သိရသည်။ ***Ref;Daily Star***

# လေဗာကူဆင်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ ယခုဘောလုံးရာသီအကုန်တွင် ထွက်ခွာမည်ဖြစ်ကြောင်း ခံစစ်ကစားသမားဂျိုနသန်တက်ခ်ပြောကြား

ဘာလင် စက်တင်ဘာ ၈

လေဗာကူဆင်အသင်းခေါင်းဆောင် ခံစစ်ကစားသမား ဂျိုနသန်တက်ခ်က အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၂၈ နှစ်အရွယ် ဂျိုနသန်တက်ခ်သည် ၂၀၁၅ ခုနှစ်က ဟမ်းဘက်အသင်းမှ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ရှုံးပွဲမရှိဘဲ စံချိန်တင်ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် အသင်းကို ဦးဆောင်နိုင်ခဲ့သူဖြစ်ကာ ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဂျိုနသန်တက်ခ်က "ကျွန်တော် လေဗာကူဆင်အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမှာမဟုတ်ပါဘူး။ ကျွန်တော် ဒီဆုံးဖြတ်ချက်ကို ချမှတ်ပြီးသားပါ။ ကျွန်တော် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးတဲ့အထိ ဒီအသင်းမှာ အကောင်းဆုံးပေးဆပ်ကစားမှာပါ။ ဒီဘောလုံးရာသီကုန်ဆုံးရင်တော့ ကျွန်တော့်အနာဂတ်ကို သိရမှာပါ"ဟု ပြောသည်။

ဂျိုနသန်တက်ခ်အနေဖြင့် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလကတည်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း နောက်ဆုံးတွင် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***






**၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်**

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။


# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၆ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (၃၀၅၀) ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၃၉၀၄၁၅)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဆေးဝါး (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၃၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၁၃၉၀၄၁၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၇ ရက်**တွင်မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၉၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၄၈၄၇၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါး(၁)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့နယ်အောင်တော်မူဘုရားအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၂၈၀)တန်၊ အခြားသစ် (၁၄ ဒသမ ၄၁၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၄၃၅၂၀) နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၆၇၀၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**စက်တင်ဘာလ ၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၁၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၂)စီး၊ Mitsubishi Fuso Truck (၁)စီးနှင့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၅၁၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၇ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၌ တရားမဝင် အခြားသစ်(သုညဒသမ ၁၅၉)တန်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၇ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nidi Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၈၃၈၀၀၅)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၁၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
ISO 9001:2008 Cert. No.683099




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညိုပန်းအဝိုင်းအနီး၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၀၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်


နေပြည်တော် စက်တင်ဘာ ၈

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၇၀ မိုင်ခန့်၊ သံတွဲမြို့(Thandwe) ၏အနောက်ဘက်ရေမိုင် ၄၄၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ကာလင်ဂါပတ္တနမ်မြို့(Kalingapatnam)၏ အရှေ့ဘက် ရေမိုင် ၁၄၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့ (Gopalpur) ၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၀၅ မိုင်ခန့်၊ ပါရာဒစ်ရှ်မြို့(Paradip)၏တောင်ဘက် ရေမိုင် ၁၀၀ မိုင်ခန့်၊ ဒီဂါမြို့(Digha) ၏တောင်-အနောက်တောင်ဘက် ရေမိုင် ၁၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲအချိန်တွင်

စာမျက်နှာ ၁၄ ကော်လံ ၁ ⏭




**မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီးတွင် ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်**

စာ-၂၄ သို့

**တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ-၃၀ သို့

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၈


မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ ⏮



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257